မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၂၅)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံ “စီးပွားရေးပညာ နှစ် (၁၀၀)” ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

## ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခုသည် ဈေးကွက်ဝင်သည့် ကုန်ထုတ်လုပ်မှုမြင့်မားရန် အလွန်အရေးကြီး၊ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိပြည်ပပို့ကုန်ကို ၂ ဆ တိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူရမည်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုလေ့လာစဉ်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စီးပွားရေးပညာဘွဲ့ရသူများ၊ မြန်မာနိုင်ငံစီးပွားရေးပညာနှစ်(၁၀၀) ရာပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပရေးဦးဆောင်ကော်မတီနှင့်ဆပ်ကော်မတီဝင်များ၊ စီးပွားရေးနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ✭




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်)

# သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးတွင် အစည်းအဝေးဖွင့်သာရဏီယသြဝါဒကထာကိုမြွက်ကြားတော်မူစဉ်“နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေးစာမေးပွဲဆိုင်ရာစည်းမျဉ်းစည်းကမ်း စသည်တို့၌ ပြဋ္ဌာန်းဖော်ပြပါရှိသည့် သာသနာ့လုပ်ငန်းတာဝန်များကိုသာအကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ရှိပါသည်ဘုရား။ ထိုလုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာထုကရွေးချယ်အပ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တို့မှတစ်ဆင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကပေးအပ်သောတာဝန်ကို ထမ်းဆောင်နေခြင်းပင်ဖြစ်ပါသည်ဘုရား။ ယင်းသို့ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် မြတ်စွာဘုရားရှင်သတ်မှတ်ပေးသနားတော်မူခဲ့သော ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးကို ဘုရားရှင်အလိုတော်ကျ ဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်ဘုရား’’ ဟူ၍ ထည့်သွင်းမြွက်ကြားတော်မူခဲ့ပါသည်။

မြန်မာနိုင်ငံတော်၌ သာသနာတော်သုံးရပ်တွင် အရင်းခံအခြေအမြစ်ဖြစ်သည့် ပရိယတ္တိသင်ကြားပို့ချနေသော စာသင်တိုက်ကြီးများနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ထီးထီးမားမားအားထားလောက်အောင်တည်ရှိလျက်ရှိသည်။ သာသနာတော်ပြန့်ပွားရန်ဟူသောရည်ရွယ်ချက်ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို ၁၉၉၁ ခုနှစ် မေလ ၉ ရက်တွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း(၃၀)ကျော်ခဲ့ပြီဖြစ်သည်။ ထိုဌာနကြီးမှ သာသနာပြုရဟန်းတော်သင်တန်း၊ လူပုဂ္ဂိုလ်သင်တန်းများဖွင့်လှစ်၍လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများမှ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ခံ၊ သာသနတက္ကသီလဓမ္မာစရိယဘွဲ့ခံသံဃာတော်များကိုနယ်စပ်နှင့်တောင်တန်းသာသနာပြုစေလွှတ်၍လည်းကောင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းများကိုဖွင့်လှစ်၍လည်းကောင်း သာသနာတော်ပြန့်ပွားရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကောဇာသက္ကရာဇ် ၁၃၄၂ ခုနှစ် နယုန်လ၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ် မေလ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းသံဃာတော်အားလုံးတို့၏ သမ္မုတိပေးရွေးချယ်စေလွှတ်အပ်သော သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ၁၂၁၈ ပါးတို့တက်ရောက်တော်မူကြသည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သာသနာဝင်မှတ်တမ်းများကိုပြဋ္ဌာန်းခဲ့ပြီး ထိုစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဓမ္မဝိနယများနှင့်အညီ နိုင်ငံတော်သြဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များနှင့်ဝိနည်းဓိုရ်များကိုဖွဲ့စည်းရွေးချယ်နိုင်ခဲ့သည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အားတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား ထပ်ဆင့်တာဝန်ပေးအပ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် အားသွန်ခွန်စိုက်အဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ ယခုအခါ အဋ္ဌမအကြိမ်သက်တမ်းသို့ပင်ရောက်ရှိလာခဲ့ပြီဖြစ်သည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အနေဖြင့်ဖြတ်သန်းခဲ့သောကာလများအတွင်း သာသနပစ္စတ္ထိက သာသနာ့ရန်စွယ်အန္တရာယ်များ၊ သာသနာ့အညစ်အကြေးများကိုသန့်ရှင်းစင်ကြယ်စေခြင်း၊ အဓမ္မဝါဒများကို နှိမ်နင်းဖယ်ရှားတားဆီးနိုင်ခြင်း၊ ပရိယတ္တိစာမေးပွဲအသီးသီးကိုစဉ်ဆက်မပြတ်ကျင်းပနိုင်ခဲ့ခြင်း၊ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များကို အားထုတ်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့သာသနာရေးကိစ္စများကိုဆောင်ရွက်ကြရာတွင် ‘‘အဋ္ဌိမေ ဘိက္ခဝေ လောကဓမ္မာလောကံ အနုပရိဝတ္တန္တိ၊ လောကောစအဋ္ဌလောကဓမ္မေအနုပရိဝတ္တတိ၊ ကတမေ အဋ္ဌ၊ လာဘော စ အလာဘော စ ယသောစ အယသော စ နိန္ဒာ စ ပသံသာ စ သုခဉ္စ ဒုက္ခဉ္စ’’ ဟူ၍ဘုရားရှင်ဟောတော်မူသည့်အတိုင်း စီးပွားဥစ္စာရခြင်း၊ စီးပွားဥစ္စာမရခြင်း၊ အခြံအရံအကျော်အစောရှိခြင်း၊ အခြံအရံအကျော်အစောကင်းမဲ့ခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ချီးမွမ်းခံရခြင်း၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း၊ ကိုယ်စိတ်နှစ်ဖြာဆင်းရဲခြင်းဟူသော လောကဓံတရားရှစ်ပါးတို့သည် သတ္တဝါအပေါင်းသို့ အစဉ်တစိုက်လိုက်ပါကြမည်သာဖြစ်သည်။ ဤလောကဓံတရားရှစ်ပါးတို့နှင့် မည်သူမျှကင်းကွာနိုင်ကြမည်မဟုတ်ပါ။ မြတ်စွာဘုရားရှင်၏ဒေသနာလာသည့်အတိုင်း မသိနားမလည်သူတို့၏ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းများမှာအလေးဂရုပြုရမည်မဟုတ်ဘဲ ပညာရှိသူတော်ကောင်းတို့နှစ်ထောင်းအားရ ချီးမွမ်းကြမည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုသာ ယောနိသောမနသိကာရတရား လက်ကိုင်ထားကာ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ကောင်းမွန်မြင့်မြတ်သောဆောင်ရွက်ချက်များအောင်မြင်ရေးအတွက် ရဟန်းရှင်လူပြည်သူအပေါင်းကလည်း ထောက်ပံ့ကူညီကြရန်ဖြစ်ပါကြောင်း။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၁-၂၀၂၄(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၇:၂၅ | ဓမ္မပူဇာတေး |
| ၂။ | ၇:၄၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၈:၀၅ | အမျိုးသားရေးတေးကဗျာ |
| ၄။ | ၈:၂၅ | နှစ် (၇၀) ကျော်ကြားတေးများ |
| ၅။ | ၁၀:၁၀ | မြစ်ကျဉ်းသုံးသွယ် အပိုင်း(၃) |
| ၆။ | ၁၀:၅၀ | ကျန်းမာသုတ |
| ၇။ | ၁၁:၂၀ | အတွေးအမြင် |
| ၈။ | ၁၁:၄၀ | Sport Review |
| ၉။ | ၁၁:၅၀ | မြန်မာ့လက်သံ |
| ၁၀။ | ၁၆:၀၆ | တစ်ပတ်အတွင်း စာပေနှင့် အနုပညာသတင်း |
| ၁၁။ | ၁၈:၂၀ | မြစ်ကျဉ်းသုံးသွယ်အပိုင်း(၄) |
| ၁၂။ | ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာအခန်းကဏ္ဍ အပိုင်း(၁၄)** |
| ၁၃။ | | တရားတော် |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| ( င ) | ပဥ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# မြစ်ကိုအလျားစန့်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

"၁၉၈၃ ခုနှစ် အရောက်မှာတော့ ကျွန်တော်သည် ၁၀ တန်းအောင်ဆိုသော အဆင့်ထက်မြင့်အောင် တစ်နည်းအားဖြင့် သည်ထက်တာဝန်တွေတိုးပြီး လူသားမျိုးနွယ်ဆက်တွေကို ဆက်ကာဆက်ကာ ပညာအာဟာရခွံ့ကျွေးချင်လို့ပဲဖြစ်ပါသည်။ တက္ကသိုလ်စာပေးစာယူသင်တန်းဝင်ခွင့်လျှောက်လိုက်သည်။ ကျွန်တော်၏ဆယ်တန်းအောင် ရမှတ်ပေါင်း ၃၁၇ မှတ်ဖြစ်သည်။ တက္ကသိုလ်စာပေးစာယူသင်တန်း ဝင်ခွင့်ကျလာသည့်အချိန်တွင် အမှတ်စဉ် ၂၀၀၆ ဥပဒေဘာသာရပ်ဖြင့် ဝင်ခွင့်ရခဲ့သည် . . ."

**ယမန်နေ့မှအဆက်**

"ဟာ ဆရာကြီး ဦးဘညွန့်ကတော့ တို့ရွာမှာ တကယ်အားကိုးလောက်တဲ့လူပဲကွ၊ သူ့ရင်ထဲမှာ ကုသိုလ်စိတ်အမြဲရှိတယ်၊ ခု သူမပါဘူးလား"

"တင်ပဲ့ါဘုရား... ဆရာကြီးက လစာထုတ်တာဝန်နဲ့ မြို့ကိုသွားပါတယ်၊ နောက်နှစ်ရက်လောက်မှ ပြန်ရောက်မှာပါ"

"အေးကွယ်၊ ဆရာတော် ပီတိဖြစ်လိုက်တာ၊ ငှက်ပျောသီးကြီးတွေက တုတ်နေတာပဲ လှလိုက်တာ"

"သင်္ဘောသီးကလည်း ရေအိုးလေးလောက်ရှိတာကိုး"

"သင်္ဘောသီးကတော့ ထိုင်ဝမ်မျိုးလို့ ဆရာကြီးက ပြောပါတယ် အရှင်ဘုရား"

"ဆရာ၊ ဆရာမတွေဆိုတာ အနန္တောအနန္တငါးပါးဂိုဏ်းဝင်နေသူတွေပဲ၊ ကုသိုလ်စိတ်ကလေးရင်ထဲထည့်၊ စေတနာမေတ္တာတွေထုံမွမ်းပြီး လုပ်ကြကိုင်ကြပါ။ ကုသိုလ်စိတ်ထားခြင်းက စိတ်နှလုံးအိမ်ကို ဖြူစင်စေတယ်။ အဆင်းလှတယ်၊ အသက်ရှည်တယ်၊ ကျန်းမာစေတယ်"

"အေးကွယ် သာဓု သာဓု သာဓု ဆရာ၊ ဆရာမတို့ ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု"

"ပေးတဲ့ဆုနဲ့ပြည့်ရပါလို၏ အရှင်ဘုရား"

ပတ်ဝန်းကျင်တစ်ခွင်မှာတော့ အေးချမ်းသာယာမှုနှင့်အတူ ကျက်သရေရှိနေပေတော့သည်။

● ● ● ● ● ● ●

၁၉၈၃ ခုနှစ် အရောက်မှာတော့ ကျွန်တော်သည် ၁၀ တန်းအောင်ဆိုသော အဆင့်ထက်မြင့်အောင် တစ်နည်းအားဖြင့် သည်ထက်တာဝန်တွေတိုးပြီး လူသားမျိုးနွယ်ဆက်တွေကို ဆက်ကာဆက်ကာ ပညာအာဟာရခွံ့ကျွေးချင်လို့ပဲဖြစ်ပါသည်။ တက္ကသိုလ်စာပေးစာယူသင်တန်းဝင်ခွင့်လျှောက်လိုက်သည်။ ကျွန်တော်၏ဆယ်တန်းအောင်ရမှတ်ပေါင်း ၃၁၇ မှတ်ဖြစ်သည်။ တက္ကသိုလ် စာပေးစာယူသင်တန်းဝင်ခွင့်ကျလာသည့်အချိန်တွင် အမှတ်စဉ် ၂၀၀၆ ဥပဒေဘာသာရပ်ဖြင့် ဝင်ခွင့်ရခဲ့သည်။

ကျွန်တော်စဉ်းစားလိုက်သည်။ ဥပဒေဘာသာရပ်သည် ပညာရေးဌာနနဲ့ အပ်စပ်ပုံမပေါ်။ ဘွဲ့ရဖို့လည်း ငါးနှစ်ကြီးများတောင် ကြာမည်ဆိုတော့ အချိန်ပိုကြာပြီး ပိုက်ဆံကုန်မည်။ သို့ဖြစ်၍ လေးနှစ်နဲ့ ကျောင်းပြီးနိုင်သည့် ဝိဇ္ဇာဘာသာတွဲသို့ ပြောင်းလိုက်သည်။ ကိုယ်က စာပေလုပ်ငန်းကို စိတ်ဝင်စားသူဖြစ်၍ မြန်မာစာအဓိကဖြင့် ပြန်လျှောက်လိုက်သည်။

ကျွန်တော်၏ စာပေးစာယူကာလဖြတ်သန်းမှုနှင့် အောင်မြင်မှုဇယားမှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | | ခုနှစ် | အတန်း ခုံအမှတ် |
|---|---|---|---|
| ၁။ | ၁၉၈၄ | ပထမနှစ် | ၁/မာ - ၁၈၀ |
| ၂။ | ၁၉၈၅ | ဒုတိယနှစ် | ၂/မာ - ၇၆ |
| ၃။ | ၁၉၈၆ | တတိယနှစ် | ၃/မာ - ၈၄ |
| ၄။ | ၁၉၈၇ | စတုတ္ထနှစ် | ၄/မာ - ၅၇ |

၁၉၈၅ ခုနှစ် ဒုတိယနှစ်စာမေးပွဲဖြေဆိုစဉ် ကျွန်တော်သည် မြေပုံမြို့နယ် အ.မ.က စည့်ငါးရွာ၌ မူလတန်းကျောင်းအုပ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပါသည်။ အဆိုပါ ဒုတိယနှစ်တွင် အောက်စာရင်းထွက်လာတော့ ဒဿနိကဗေဒဘာသာရပ် ဂုဏ်ထူးထွက်ပါသည်။ သို့ဖြစ်၍ ကျွန်တော်၏ ပညာရေးခရီးလမ်းမှာ ကသီလင်တ လျှောက်နေရာကနေ မူလတန်းဆရာဖြစ်သင်တန်း တက်ရောက်သည့် သင်တန်းဆင်းလက်မှတ်တွင် သချ်ာဘာသာရပ်ဂုဏ်ထူးထွက်ခြင်းတစ်ကြိမ်၊ တက္ကသိုလ်စာပေးစာယူသင်တန်းတက်ရောက်စဉ် ဒုတိယနှစ်တွင် ဒဿနိကဗေဒ ဂုဏ်ထူးထွက်ခြင်းတစ်ကြိမ်ဖြစ်သည်။ ပြောလိုသည်မှာ ခရီးလမ်းတစ်လျှောက် အခြေအနေပေးလျှင်ပေးသလို ရေ၊ မြေ၊ လေ သဘာဝတရားတွေဖန်တီးမှု ပြီးပြည့်စုံချိန်မျိုးတွင် ပွင့်ခွင့်ကြုံလျှင် ပွင့်ပြလိုက်သော ပညာရေးပန်းပွင့်ဖြစ်ပေသည်ဟူ၍ ဆိုလိုက်ပါရစေ။

● ● ● ● ● ● ●

အ.မ.က သရက်တောင်(မြောက်)၌ တတိယတန်း အတန်းပိုင် ဆရာကို မြို့နယ်ရုံးသို့ လစာထုတ်တာဝန်လွှဲပေးထားသဖြင့် ကျွန်တော်ကိုယ်တိုင် တတိယတန်းတွင် စာသင်ပြလျက်ရှိပေသည်။

"ဒီ အာဇာနည်ခေါင်းဆောင်သင်ခန်းစာမှာ သားတို့၊ သမီးတို့ သတိထားရမှာက ခေါင်းဆောင်တစ်ဦးရဲ့ စိတ်ဓာတ်၊ ခံယူချက်နဲ့ လုပ်ဆောင်ချက်တွေကို သတိထားဖို့လိုလိမ့်မယ်"

"အများအတွက်ပေ့ါနော်၊ အဓိကကတော့ ကိုယ့်တစ်မျိုးသားလုံးအတွက်ပါပဲ။ အန္တရာယ်တစ်ခုခုနဲ့ တွေ့ကြုံလာတဲ့အခါမှာ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာကွယ်ခဲ့တယ်ဆိုတဲ့ အချက်ပဲ။ အဲဒါ သားတို့၊ သမီးတို့ သိထားဖို့လိုတယ်နော်"

"ဒီဝတ္ထုထဲမှာ ဘုရားလောင်းမျောက်မင်းက အသက်အန္တရာယ်တွေ့ကြုံလာတဲ့အခါမှာ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးသွားလို့မရဘူးလား"

"ရပါတယ် ဆရာကြီး"

"ဘုရားလောင်းမျောက်မင်းက အဲဒီလို ထွက်ပြေးသလား"

"မပြေးပါဘူး ဆရာကြီး"

"အဲဒါအဓိကပဲ၊ ဒီလိုမပြေးခြင်းက ခေါင်းဆောင်ကောင်းတို့ရဲ့ စိတ်ဓာတ်ပဲကွ"

"တစ်ခါ သားတို့၊ သမီးတို့ကို ဆရာကြီးပြောပြမယ်။ ဘုရားလောင်းမျောက်မင်းက သူတို့မျောက်အုပ်ထဲမှာ ဒေဝဒတ်လောင်းမျောက်က သူ့ကို မနာလိုမုန်းတီးစိတ်ဖြစ်နေတာ မသိဘူးလား"

"သိပါတယ်ဆရာကြီး"

"အဲဒါကိုသိလျက်နဲ့ အဲဒီမျောက်ဆိုးကြီးကိုရော ဘုရားလောင်းမျောက်မင်းက အသက်ဘေးက မကယ်ဘူးလား"

"ကယ်ခဲ့ပါတယ် ဆရာကြီး"

"အဲဒီလို သူကယ်ပေးလိုက်လို့ မျောက်တစ်အုပ်လုံး အသက်ချမ်းသာရသွားတယ်။ ဒါကြောင့် မျောက်မင်းက သူသေပေးရတာကို ကျေကျေနပ်နပ်ကြီး လက်ခံသွားတယ်"

ကျောင်းသား၊ ကျောင်းသူလေးများက မျက်လုံးလေးတွေ ရွှန်းလဲ့လဲ့နှင့် အာရုံစူးစိုက်နားထောင်နေကြသည်။

"ဒါကို အာဇာနည်စိတ်ဓာတ်လို့ခေါ်တယ်။ မြင့်မြတ်တဲ့ စိတ်ဓာတ်ဆိုတာပေ့ါဗျာ"

တတိယတန်းစာသင်ခန်းကလေးသည် တဒင်္ဂငြိမ်သက်သွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ကျိုက်လတ်မြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

ကျိုက်လတ် နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၂၈ ရက်တွင် ကျိုက်လတ်မြို့နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်) ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ မိသားစုဝင်ငွေတစ်ဖက်တစ်လမ်းမှ တိုးပွား၍ စားဝတ်နေရေးပြေလည်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်သောကြောင့် သင်တန်းမှပို့ချသည့်ဘာသာရပ်များကို စိတ်ဝင်တစားလေ့လာသင်ယူကြစေလိုကြောင်း ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးကာ သင်တန်းနည်းပြဆရာမ ဒေါ်ဝင်းနုနုက သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါအခြေခံစက်ချုပ်သင်တန်းကို သင်တန်းသူ ၃၀ ဦး တက်ရောက်ကြောင်း သိရသည်။ **လှိုင်မင်းအောင်**

## ပင်းတယမြို့၌ Grade-5 နှင့် Grade-9 စာမေးပွဲဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပင်းတယ နိုဝင်ဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဆူးဗိုလ်ကုန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အခြေခံပညာမူလတန်းအဆင့် (Grade–5) နှင့် အခြေခံပညာအလယ်တန်းအဆင့် (Grade–9) စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သက်မူက အမှာစကားပြောကြားကြသည်။

ထို့နောက် အခြေခံပညာမူလတန်းအဆင့် (Grade–5) နှင့် အခြေခံပညာအလယ်တန်းအဆင့်(Grade–9) ဘာသာရပ်အလိုက် စာမေးပွဲစစ်ဆေးပေးနိုင်ရေး စီမံချက်အကြောင်းအရာများကို သက်ဆိုင်ရာဆရာ၊ ဆရာမများက ဘာသာရပ်အလိုက်ဆောင်ရွက်ပေးရမည့် စာမေးပွဲဆိုင်ရာကိစ္စရပ်များအကြောင်း အသီးသီးတင်ပြဆွေးနွေးမှုကို ရွှာင်မြို့နယ်စာသင်ကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ပင်းတယမြို့နယ် စာသင်ကျောင်းများမှ ဆရာ၊ ဆရာမများက ကျန်ရှိနေသော ဆရာ၊ ဆရာမများကို ပြန်လည်ဆွေးနွေးပေးနိုင်ရန် တက်ရောက်ကြောင်း သိရသည်။ (၄၀၅)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအသင်းများ လေ့ကျင့်နေမှုကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ယနေ့ညနေပိုင်းတွင် တည်းခိုရေးစခန်းရှိ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် သရုပ်ဖော်ကပြမည့် ဝန်ကြီးဌာနလက်အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့မှ ကျောင်းသား၊ ကျောင်းသူများအား သွားရောက်တွေ့ဆုံအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

နိုင်အောင် အားကစားစိတ်ဓာတ်အပြည့်ဖြင့် လေ့ကျင့်ယှဉ်ပြိုင်သွားရန်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင်ကြိုးစားကြရန်၊ ကျန်းမာရေးနှင့်ကြံ့ခိုင်မှုကောင်းမွန်အောင် နေထိုင်စားသောက်ရေးဂရုစိုက်ကြရန် မှာကြားသည်။



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများ လေ့ကျင့်နေမှုကို သွားရောက်အားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအသင်း၊ ဘောလုံးအသင်းနှင့် ဖူဆယ်အသင်းတို့လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ချီးမြှင့်ငွေနှင့် အင်အားဖြည့်အစားအစာများပေးအပ်ကာ အားကစားအသင်းများအနေဖြင့်ဝန်ကြီးဌာနဂုဏ်ဆောင်

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘောလုံး (အမျိုးသား)၊ ဘော်လီဘော (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဂေါက်သီးရိုက်(အမျိုးသား) စသည့် အားကစားနည်း ငါးမျိုးကို အားကစားသမား ၁၀၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## နေရာကွက်ကျား မိုးရွာမည်

နေပြည်တော် နိုဝင်ဘာ ၂၈

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)”ရာပြည့်အထိမ်းအမှတ်စာတမ်းဖတ်ပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အားပေး



နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)” ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ MICC II ၌ကျင်းပခဲ့ပြီး မွန်းလွဲပိုင်းအစီအစဉ်များအဖြစ် Parallel Session သုံးခုဖြင့် စာတမ်းဖတ်ပွဲများကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် တက်ရောက်အားပေးသည်။

Parallel Session I တွင် မြန်မာနိုင်ငံ၏ စီးပွားရေးပညာနှစ်(၁၀၀)ခရီး-ယခင်၊ ယခုနှင့် အနာဂတ်စီးပွားရေးအလားအလာ ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင် ရှစ်ဦးတို့က မြန်မာနိုင်ငံတွင် စီးပွားရေးပညာနှစ် ၁၀၀ အတွင်း ဖွံ့ဖြိုးမှု၊ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မူဝါဒချမှတ်သူများအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆောင်ရွက်ချက်များအပေါ် လေ့လာသုံးသပ်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှု၊ ကိုလိုနီခေတ်မှ ပါလီမန်ခေတ်အထိ ဆောင်ရွက်ခဲ့သော မြန်မာ့သမဝါယမစီမံကိန်းသုံးခုကို လေ့လာခြင်း၊ နိုင်ငံတကာစံများနှင့်အညီ စာရင်းစစ်ဆေးခြင်း၏အကျိုးကျေးဇူးနှင့် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ၏ အစိမ်းရောင်စီးပွားရေးဖော်ဆောင်နိုင်မည့်အလားအလာ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လူမှုရင်းနှီးမြှုပ်နှံပေးခေါင်းစဉ်တို့ဖြင့်ဆွေးနွေးရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က သဘာပတိအဖြစ်လည်းကောင်း။

Parallel Session II တွင် မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေးအလားအလာနှင့် စိန်ခေါ်မှုများ ခေါင်းစဉ်၏အောက်တွင် စာတမ်းရှင် ၁၁ ဦးတို့က “ပထဝီနိုင်ငံရေးအားပြိုင်မှု၊ မိတ်ဖက်နိုင်ငံရေးနှင့် စီးပွားရေးစိန်ခေါ်မှုများကို နိုင်ငံရေးဘောဂဗေဒချဉ်းကပ်မှုဖြင့် ရင်ဆိုင်ကျော်လွှားခြင်း၊ ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရန် ချဉ်းကပ်မှုနည်းလမ်းသစ်များ၊ နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီများနှင့် မြန်မာနိုင်ငံပေါ်အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်း၊ မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေးအလားအလာနှင့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ ရွှေ့ပြောင်းလုပ်သားနှင့် သက်ဆိုင်သည့်အပိုင်း၊ ပတ်လည်စီးပွားရေးနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ရေရှည်တည်တံ့သည့် စွမ်းအင်အရင်းအမြစ်များ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး အပေါ်သက်ရောက်သည့် မြန်မာနိုင်ငံ၏ စွမ်းအင်သုံးစွဲမှုလိုအပ်ချက်၊ မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေးအလားအလာနှင့် စိန်ခေါ်မှုများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အလားအလာနှင့် စိန်ခေါ်မှုများ၊ စာရင်းလုပ်ငန်းဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံဒေသအတွင်း မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများနှင့် နောင်အနာဂတ်တွင် ပိုမိုတိုးတက်စေရေးအစီအမံများ၊ The Global Economic Landscape and Economic Opportunities and Challenges in Myanmar၊ အသေးစား၊ အလတ်စား စီးပွားရေးဖွံ့ဖြိုးမှုနှင့် နိုင်ငံဖွံ့ဖြိုးမှု ခေါင်းစဉ်တို့ဖြင့်ဆွေးနွေးရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က သဘာပတိအဖြစ်လည်းကောင်း။

Parallel Session III တွင် နိုင်ငံ၏ဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အဦ၏ အခန်းကဏ္ဍခေါင်းစဉ်၏အောက်တွင် စာတမ်းရှင် ခုနစ်ဦးတို့က မြန်မာနိုင်ငံတွင် ဘက်စုံပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ ရေပေးဝေရေးနှင့်သန့်ရှင်းရေးအခြေခံအဆောက်အဦနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အငှားအိမ်ရာစီမံကိန်းများက ဝင်ငွေနည်းပြည်သူများ၏ လူမှုစီးပွားရေးကို မြှင့်တင်ပေးနိုင်မှုနှင့် တိုင်းပြည်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မှုဆန်းစစ်ချက်စာတမ်း၊ နိုင်ငံ၏ဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အဦ၏ အခန်းကဏ္ဍ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍတွင် မြို့ပြအကျိုးပြု ဘူမိဗေဒမြေပုံရေးဆွဲခြင်း၏ အကျိုးကျေးဇူး၊ မြန်မာနိုင်ငံ၏သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအခြေအနေကို စိစစ်လေ့လာခြင်း(၂၀၁၃-၂၀၂၃)၊ မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် Logistics အခန်းကဏ္ဍမှ အထောက်အကူပြုစွမ်းဆောင်နိုင်မှုအခြေအနေအား ဆန်းစစ်လေ့လာခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး ဒုတိယနေ့စာတမ်းဖတ်ပွဲများအား နိုဝင်ဘာလ ၂၉ ရက် နံနက်ပိုင်းနှင့် မူဝါဒဆိုင်ရာ စုံညီစာတမ်းဖတ်ပွဲကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်တွင်းနေထိုင်ခွင့်၊ ပြည်ဝင်ခွင့်ဗီဇာနှင့် ပြည်တွင်းခရီးသွားလာခွင့်များအတွက် ဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက်ပေးနေမှုများ၊ UNHCR မှ ရေဘေးသင့်ဒေသများတွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ခဲ့သည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၂၈

ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးစပ်ဆုံးနေရာတွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကျင်း ၂၇ ကျင်းပါဝင်သော ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင် မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများအပါအဝင် အဆင့်မီဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်းပြည်ပဂေါက်သီးရိုက်အားကစားသမားများ အများအပြားလာရောက်ကစားလျက်ရှိရာ ယနေ့ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဂေါက်သီးရိုက်ကစားသမား ဦးကျော်ကံဦးသည် ကစားဖော်များဖြစ်သော ဦးစိုင်းမျိုးဝင်းငြိမ်း၊ ဦးသန်းဝင်း၊ ဦးအိုက်မောင်၊ ဦးခင်မောင်လွင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)၌ Titleist No.4 ဘောလုံးကို HONMA TR20P.7 တုတ်ဖြင့် ၁၆၈ ကိုက်အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole In One) သွားခဲ့သည်။

Hole In One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ် တာယာနှစ်လုံး၊ တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့် (၅) ကြိမ်လက်မှတ်များနှင့် Mytel မှ ငွေသားဆု တစ်သိန်းကျပ်ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၈၈)ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းကို နိုင်ငံတကာအဆင့်မီဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

(၅၀၀)



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၂၈-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၂.၀ | ၃၅.၆ |
| ပူတာအိုမြို့ | ၇.၈ | ၄၆.၀ |
| ပြင်ဦးလွင်မြို့ | ၈.၇ | ၄၇.၇ |
| တီးတိန်မြို့ | ၉.၂ | ၄၈.၆ |
| မြစ်ကြီးနားမြို့ | ၉.၅ | ၄၉.၁ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) နှင့် ဟဲဟိုးမြို့ | ၁၀.၈ | ၅၁.၄ |
| မချမ်းဘော | ၁၁.၂ | ၅၂.၂ |

# ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြေးခုန်ပစ်အားကစားပြိုင်ပွဲသို့ ဒုတိယဝန်ကြီး ဦးမြင့်စိုး တက်ရောက်ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖလား ပြေးခုန်ပစ်အားကစားပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁) ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက ပြိုင်ပွဲဝင်အားကစားသမားများနှင့်တွေ့ဆုံ၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးစားယှဉ်ပြိုင်ကြရန် တိုက်တွန်းမှာကြားပြီး အားကစားနည်းအလိုက် ပြိုင်ပွဲများကိုကျင်းပရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက အမျိုးသားမီတာ (၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများနှင့် အမျိုးသမီးမီတာ (၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အသင်းများကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက အမျိုးသားမီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသိန်းတိုးက အမျိုးသမီးမီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်က အမျိုးသားအလျားခုန်ပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက အမျိုးသားမီတာ (၂၀၀) အပြေးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဝင်းသိန်းက အမျိုးသမီးမီတာ (၂၀၀) အပြေးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ ဒုတိယဝန်ကြီး ဦးမင်းထွဋ် သွားရောက်စစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် (ရုံးချုပ်) သို့သွားရောက်၍ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်ရှိ ပြည်တွင်းဘဏ်လုပ်ငန်းဌာန၊ ငွေစုဘဏ်လုပ်ငန်းဌာန၊ ချေးငွေဌာန၊ ဘဏ်တွင်းစာရင်းစစ်ဌာန၊ ငွေရေးကြေးရေးစီမံခန့်ခွဲမှုနှင့် အဆက်အသွယ်များဌာန၊ ပို့ကုန်ဌာနနှင့် ပို့ကုန်ကုန်သွယ်မှုချေးငွေဌာန၊ သွင်းကုန်ဌာနနှင့် သွင်းကုန်ကုန်သွယ်မှုချေးငွေဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘဏ်အစည်းအဝေးခန်းမ၌ ဝန်ထမ်းများကို တွေ့ဆုံ၍ ဘဏ်ဝန်ဆောင်မှုပေးရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး တာဝန်ရှိသူအဆင့်ဆင့်မှ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘဏ်အနေဖြင့် စီမံကိန်းလျာထားချက်ပါအတိုင်း အောင်မြင်စေရေးကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီး/ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အားကစားသမားများအား နေ့လယ်စာ ကျွေးမွေးဧည့်ခံနေမှုများကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး သွားရောက်ကြည့်ရှု



နေပြည်တော် နိုဝင်ဘာ ၂၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်ကာ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်ရန်ရောက်ရှိတည်းခိုနေထိုင်သည့် တိုင်းဒေသကြီး/ ပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ချုပ်သူများအား နေ့လယ်စာကျွေးမွေးဧည့်ခံနေမှုများကို သွားရောက်ကြည့်ရှုသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများအတွက် ပြင်ဆင်ထားသည့် စားရိပ်သာနှင့် ချက်ပြုတ်ရေးအဆောင်သို့ သွားရောက်၍ သန့်ရှင်းရေးဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ချက်ပြုတ်ရန်၊ ချက်ပြုတ်ရေးအဖွဲ့များကို သန့်ရှင်းသပ်ရပ်စွာ ဝတ်စားဆင်ယင်၍ တစ်ကိုယ်ရေသန့်ရှင်းမှုရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ကျန်းမာရေးဆပ်ကော်မတီက ဖွင့်လှစ်ထားသည့် ဆေးခန်းများ၊ ဆပ်ကော်မတီရုံးခန်းနေရာများ၊ သန့်စင်ခန်းများအား ပိုးမွှားများကင်းစင်စေရန် ပိုးသတ်ဆေးဖျန်းနေမှုအခြေအနေများ၊ တည်းခိုရေးစခန်းအတွင်း အသုံးပြုမည့်ရေများ သန့်ရှင်းမှုရှိစေရန် ရေသန့်စင်စက်ကြီးဖြင့် ရေသန့်စင်နေမှုအခြေအနေများ၊ အုပ်ချုပ်ရေးအဖွဲ့ များကို နေရာချထားသည့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(၅၀၀)

# ဆန်ပို့ကုန်လုပ်ငန်းရှင်များ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ထားရှိသည့် ပို့ကုန်အခြေပြု အရန်ဆန်စနစ်တွင် ဆန်အိတ်ရေရှစ်သိန်းခန့်ထားရှိ



ရန်ကုန် နိုဝင်ဘာ ၂၈

ဆန်စပါးစင်တာတွင်ရှိသည့် Exporter များ၏ပူးပေါင်းမှုဖြင့် ဆောင်ရွက်ထားရှိသည့် ပို့ကုန်အခြေပြုအရန်ဆန်စနစ်တွင် ဆန် အိတ် ရေရှ စ် သိန်း ခန့် ရှိကြောင်း ယမန်နေ့က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

"နိုင်ငံတော်အရန်ဆန်လို ပို့ကုန်အခြေပြု အရန်ဆန်စနစ်ဆိုပြီး လုပ်ထားပါတယ်။ ပို့ကုန်အခြေပြုဆိုတာ ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ပါဝင်မှု၊ Exporter တွေရဲ့ပါဝင်မှုနဲ့ ဆောင်ရွက်ထားပါတယ်။ အဲဒီတော့ Export တစ်တန်ပိုတိုင်းပိုတိုင်းမှာ ဆန်တစ်အိတ်၊ ဒါကတော့ ဆန်စပါးစင်တာမှာရှိတဲ့ Exporter တွေရဲ့ ပူးပေါင်းမှုနဲ့ ဆောင်ရွက်ထားပါတယ်။ အဲဒီအစီအစဉ်က ဆန်အိတ်ရှစ်သိန်းလောက်ရှိပါတယ်။ ဧည့်မထကိုပဲ အဓိကထားတယ်။ ဧည့်မထ ၁၅ မှတ်အဆင့်။ ဧည့်မထမှာအုပ်စုနဲ့ရှိတယ်။ ပြည်တွင်းမှာတော့ အခြေခံပြည်သူတွေကတော့ စားလို့ရပါတယ်။ ၁၅ မှတ်အဆင့်ဖြစ်တဲ့အတွက် ဆန်ရည်ဆန်သားလည်းကောင်းပါတယ်။ သင့်တင့်မျှတပါတယ်"ဟု ၎င်းကပြောသည်။

ယင်းကဲ့သို့ ဆန်အိတ်ရှစ်သိန်းရှိသည့်အတွက် ပရဟိတအသင်းအဖွဲ့ဖြစ်စေ၊ လူမှုရေးအသင်းအဖွဲ့များဖြစ်စေ၊ စက်ရုံအလုပ်ရုံများမှဖြစ်စေ လိုအပ်ချက်ရှိပါက ရောင်းပေးမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ ပို့ကုန်အခြေပြု အရန်ဆန်စနစ်အပြင် လက်ရှိတွင်လည်း ရွှေဘိုပေါ်ဆန်းနှင့် ရောဝတီပေါ်ဆန်းတို့ကိုလည်း Home Delivery အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချပေးခြင်းများရှိကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ဆန်ဖြန့်ဖြူးရောင်းချတာကလည်း အမှန်တကယ်တော့ ဆန်စပါးအသင်းချုပ်က စီးပွားရေးလုပ်တဲ့ အဖွဲ့အစည်းတော့မဟုတ်ပါဘူး။ ဒါပေမဲ့ လက်ရှိအခြေအနေအရ ဈေးကွက်လိုအပ်ချက်ကြောင့် အထူးသဖြင့် စက်မှုဇုန်တွေ၊ ကုမ္ပဏီတွေရဲ့ဝန်ထမ်းတွေ၊ စက်ရုံအလုပ်ရုံတွေရဲ့ဝန်ထမ်းတွေ၊ အခြေခံပြည်သူတွေရဲ့ လိုအပ်ချက်တွေရှိလာရင် ဒီအရန်ဆန်ထဲကနေ ထုတ်ပြီးတော့ရောင်းပေးမှာပါ"ဟု ဦးရဲမင်းအောင်က ပြောကြားကြောင်း သိရသည်။

MT

## နေရာကျဲကျဲ မိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်ပါသည်။

(မိုး/ဇလ)

ဆီစားလို့ အသားမဖြစ်
ဆီကိုရှောင် အိုတောင်နုပျိုဆဲ

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ



ကျွန်းလှ နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့်ပညာရေးဌာနတို့ပူးပေါင်းပြီး စာကြည့်တိုက် များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင် ရေး လှုပ်ရှားမှုအခမ်းအနားကို နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်း ကျောင်း(ကျွန်းလှ)၌ ကျင်းပသည်။

အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူ များက ပညာဘဏ်တိုက်စာကြည့်တိုက်သို့သွား ကြစို့ သီချင်းဖြင့်သီဆိုဖွင့်လှစ်ပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များ ဖြစ်စေရန်၊ အချင်းချင်းဆွေးနွေးတတ်စေရန်၊ စာပေဖတ်ရှုသည့်အလေ့အကျင့်ရှိပြီး အသိ ပညာဗဟုသုတကြွယ်ဝစေရန်၊ စာကြည့်တိုက် များဖွံ့ဖြိုးတိုးတက်စေရန် ကျင်းပခြင်းဖြစ် ကြောင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ပညာရေးမှူး ဦးမြင့်လွင်နှင့်တာဝန်ရှိသူများက ကျပန်းစကားပြောပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲတို့ကို ကြည့်ရှုအားပေး၍ ကျောင်းသား၊ ကျောင်းသူများအား ဆုပေးအပ် ပြီး ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသ ထားသည့်စာအုပ်စာစောင်များ၊ နံရံကပ်စာစောင် နှင့်ဓာတ်ပုံများကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

# နတ်မောက်မြို့နယ်၌ မိုးစပါး YSR-1 မျိုးစေ့ထုတ်စံပြကွက်ရိတ်သိမ်း

နတ်မောက် နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မိုးစပါး YSR-1 မျိုးစေ့ထုတ်စံပြကွက်ရိတ်သိမ်း ပွဲကို နိုဝင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် စာရံ အိုင့်ကျေးရွာ တောင်သူ ဒေါ်ကြည်ကောင်း၏ ကွင်းအမှတ် (၈၃၆) YSR-1 မိုးစပါးကွင်း၌ ကျင်းပသည်။

နတ်မောက်မြို့နယ်၌ ၂၀၂၄-၂၀၂၅ မိုးစပါး ရာသီတွင် ကျောက်တံခါးတမံဆည်ရေကို အသုံးပြုကာ YSR-1 စပါးမျိုးသစ် ၁၃ ဧက စတင်စိုက်ပျိုးလျက်ရှိရာ ဒေသခံတောင်သူများ ဝမ်းစာဖူလုံရေးအတွက် စပါးကိုသက်တမ်း တိုပြီး အထွက်နှုန်းကောင်းမွန်သည့်စပါး မျိုးသစ်များတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဝင်ငွေ များတိုးပွားလာစေရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ကာ ပြည်ပဈေးကွက် များသို့ တိုးချဲ့လာနိုင်စေရေးအတွက် စိုက်ပျိုး ရေးနည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်လျက် ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီး အရာရှိက ရှင်းလင်းပြောကြားသည်။



အဆိုပါစံပြကွက်ရိတ်သိမ်းပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ နှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မိုးစပါး YSR-1 မျိုးစေ့ထုတ် စံပြကွက် သုည ဒသမ ၁၀ ဧကကိုရိတ်သိမ်း ရာ အစိုတင်း ၁၄၀ ထွက်ရှိကြောင်း သိရ သည်။

လှဝင်း

# တောင်ငူမြို့နယ်၌ ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

တောင်ငူ နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အင်းဒိုး ကျေးရွာ၌ ကုန်ထုတ်လမ်းကျောက်ရောမြေခင်း ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ များကို တာဝန်ရှိသူများက နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့်အင်ဂျင်နီယာဝန်ထမ်း များက ကျေးရွာကော်မတီဝင်များနှင့်အတူ အင်းဒိုးကျေးရွာ၌ အရှည်ပေ ၁၃၂၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးလက် ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား သည်။

တောင်ငူမြို့နယ် ဒိုးအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရော မြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံ ငွေကျပ် ၉ ဒသမ ၃၆ သန်းဖြင့် အောက်တို ဘာလ ၂၀ ရက်မှ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အင်းဒိုးကျေးရွာရှိ လယ်ယာစိုက်ပျိုးမြေကဧ၆၀ မှထွက်ရှိသည့် ထွက်ကုန်သီးနှံများဈေးကွက်သို့ အချိန် မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်းသိရ သည်။

ကိုညို (ကျေးလက်)

## နာသုံးနာဆရာ၏အလွမ်း

✧ မယ်မဲ့စရာ

ဆရာ့ရင်မှာ တပည့်အပေါင်းကိုလ
မပျက်စဉ်လာ အချစ်မဟောင်းပါဘု
မတွေ့ကြာ ဘဝအခြေပြောင်းကြပေါ့
တပည့်ပေါင်းကိုတဲ့ သတိရချိန်။

✧ ယခုအခြေ

အလွမ်းပြေ တွေ့ချင်စမ်းပါဘိ
မျက်စိတွေ ဝေမှုန်မှိုင်းနဲ့
ထုံထိုင်းခါ ခါးကိုင်းကိုင်းရယ်က
တပည့်တိုင်းကိုတဲ့ မျှော်ရည်မှန်းလို့
လွမ်းစိတ်မမှိန်။

✧ ပျိုစဉ်က

နဂိုလှ ယဉ်သမျှပွင့်စေလိုလို့
ဝေဆာဖို့ ပေါင်းမြက်သင်
အိုးပုံသွင် ပြုပြင်ပုံဖော်ရိုက်ပါရဲ့
ရင်မှာလှိုက် ပီတိစားချိန်
သိမ်ငယ်မရှိ အားမာန်များ။

✧ ယခုချိန်ခါ

ဆရာ့ဘေးမှာ ဖော်စုံဝေးသော်လည်း
မျှော်ငေးမှိုင် တွေဝေမရှိပါဘူး
ပူမှုတွေ ခဏတစ်ဖြုတ်ပေပေါ့
ဘဝသရုပ် ပီပြင်ပြင်နှင့်
စိတ်ဘဝင် ရွှင်ကြည်လန်းစွာပ့ါ
လွမ်းလာသမျှကိုလေ
မှန်းဆအခါခါ ရင်မှာနှစ်လို့
ချစ်မေတ္တာပွား။ ။

ယဉ်ယဉ်(ဘက်ရဲ)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၉-၁၁-၂၀၂၄(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

# (၅)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများကို ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်






**ရန်ကုန်  နိုဝင်ဘာ ၂၈**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Novotel Hotel ၌ ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာနနှင့် IOM တို့ ပူးပေါင်းကျင်းပသော ကျင့်ဝတ်နှင့်ညီသော လုပ်သားစုဆောင်းခြင်းစနစ် အတွက် လုပ်ငန်းဆောင်ရွက်မှုများကို နားလည်မှုမြှင့်တင်စေရေး (၁၉)ကြိမ်မြောက် International Recruitment Integrity System (IRIS) ဆွေးနွေးပွဲအခမ်းအနားသို့တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း UMFCCI တွင် ကျင်းပသည့် (၅)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကွန်ရက်ဆု(ASEAN-OSHNET Award) အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ဆုများချီးမြှင့်လျက်ရှိရာ လက်ရှိအချိန်အထိ ASEAN-OSHNET Excellence ဆုအတွက် စက်ရုံ (၅) ရုံ၊ Best Practices ဆုအတွက် စက်ရုံ (၅) ရုံ စုစုပေါင်းစက်ရုံ (၁၀) ရုံ ဆုချီးမြှင့်ပေးခဲ့ပြီး အာဆီယံဒေသတွင်းအဆင့် ယှဉ်ပြိုင်နိုင်စွမ်းပုံရိပ်ကို ထိန်းသိမ်းနိုင်ခဲ့သဖြင့် ဆုရရှိသည့်စက်ရုံများအတွက်သာမက နိုင်ငံအတွက်ပါ ဂုဏ်ယူဝမ်းမြောက်စရာဖြစ်ပါကြောင်းပြောကြားပြီး (၅)ကြိမ်မြောက် ASEAN-OSHNET Excellence ဆု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် စက်ရုံ (၁၀) ရုံနှင့် Best Practices ဆု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် (၆) ရုံတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်သည်။

ယင်းနောက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က (၅)ကြိမ်မြောက် ASEAN-OSHNET ဆုရွေးချယ်ရေးကော်မတီဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ပြီး (၅) ကြိမ်မြောက် ASEAN-OSHNET Excellence ဆုနှင့် Best Practices ဆုရရှိခဲ့သည့် စက်ရုံများက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်မှတ်တမ်း video များကို ပြသသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် လှိုင်သာယာမြို့နယ်အတွင်းရှိ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ရုံးများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လှိုင်သာယာမြို့နယ် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း (NOSHC) သို့ သွားရောက်ပြီး သင်တန်းခန်းမများ၊ သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းကျောင်းပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လှိုင်သာယာမြို့နယ်ရှိလူမှုဖူလုံရေးအဖွဲ့ တိုင်းရင်းဆေးကုခန်း၊ လူမှုဖူလုံရေးအဖွဲ့ ကဲဝဲလ်ဆေးခန်းတို့၏ ဆေးကုသဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး၊ မြောက်ပိုင်းခရိုင် လူမှုဖူလုံရေးအဖွဲ့ရုံး၊ လှိုင်သာယာ(အရှ့ပိုင်း)မြို့နယ် အလုပ်သမားဆက်ဆံရေးဦးစီးဌာနမြို့နယ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးရုံးနှင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမြို့နယ်ရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မဝဝ)

# နေပြည်တော်အတွင်း သီးနှံစိုက်စွမ်းအား အကောင်းဆုံးမြို့နယ်များနှင့် သီးနှံအလိုက် အထွက်နှုန်း အများဆုံးထွက်ရှိသည့် တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်



**နေပြည်တော်  နိုဝင်ဘာ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သီးနှံစိုက်စွမ်းအား အကောင်းဆုံးမြို့နယ်များနှင့် သီးနှံအလိုက် အထွက်နှုန်းအများဆုံးထွက်ရှိသည့် တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်/ခရိုင်/မြို့နယ်အဆင့်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီများ၊ မျိုးစေ့ထုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဆုရတောင်သူများ၊ မြို့နယ်များမှတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက သီးနှံစိုက်စွမ်းအား၊ သီးနှံအထွက်နှုန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်နည်းလမ်းများ၊ သီးနှံစိုက်စွမ်းအား အကောင်းဆုံးမြို့နယ်ဆုနှင့် သီးနှံအလိုက် အထွက်နှုန်း အများဆုံးထွက်ရှိသည့် တောင်သူဆုရွေးချယ်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံစိုက်စွမ်းအား အကောင်းဆုံးမြို့နယ် ပထမဆုရရှိသည့် ဇေယျာသီရိမြို့နယ်၊ ဒုတိယဆုရရှိသည့် ပျဉ်းမနားမြို့နယ်၊ တတိယဆုရရှိသည့် လယ်ဝေးမြို့နယ်၊ နှစ်သိမ့်ဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်တို့နှင့် မိုးစပါးသီးနှံအထွက်နှုန်းအများဆုံး ပထမဆုရ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်အုပ်စုမှ တောင်သူ ဦးမောင်လွင်၊ ဒုတိယဆုရ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စုမှ တောင်သူ ဦးဇော်ဇော်၊ တတိယဆုရဇေယျာသီရိမြို့နယ်မအူတောကျေးရွာအုပ်စုမှ တောင်သူ ဦးဇော်ထွန်းဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့က သီးနှံအလိုက် အထွက်နှုန်းအများဆုံးထွက်ရှိသည့်တောင်သူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြရာ ဆုရတောင်သူများကိုယ်စား တောင်သူဦးမောင်လွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ပေးပါရန် **ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၃၄/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀-၁၁-၂၀၂၄ ရက်နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၆-၈-၂၀၂၄ ရက်နေ့မှ ၂၈-၁၀-၂၀၂၄ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်း လျှောက်ထားသူတစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦးနှင့် အထွေထွေ ၁၅ ဦး ပေါင်း ၁၆ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူတစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၄၇၁ ဦးနှင့်သတင်းအေဂျင်စီလုပ်ငန်း ၄၁၀ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၈၀ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော်  နိုဝင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ခင်ရင်းနှီးမှုတိုးမြှင့်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# နေပြည်တော်အတွင်းရှိ ပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း/အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်အတွင်းရှိ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားပြိုင်ပွဲများကျင်းပမည့် အားကစားကွင်း/ အားကစားရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားပြိုင်ပွဲများကျင်းပမည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင်အားကစားကွင်း/ ရွှေကြာပင်အားကစားရုံ၊ ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းအားကစားကွင်း၊ ဘောဂဝတီအားကစားကွင်းတို့အတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြိုင်ပွဲကွင်းများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကွင်းအဝင်လမ်းနှင့်နောက်ခံဆိုင်းဘုတ်ဗီနိုင်းများ အချိန်မီတပ်ဆင်ပြီးစီးနိုင်ရေး၊ ဘောလုံးကွင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စိမ်းလန်းစိုပြည်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများသန့်ရှင်းရေးဆောင်ရွက်သွားရန်၊ ပြိုင်ပွဲကွင်းပတ်လည်တွင် အလံတိုင်များတပ်ဆင်နိုင်ရေးနှင့် မိုဘိုင်းသန့်စင်ခန်းများထားရှိနိုင်ရေးအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၂)တွင် အားကစားနှင့်ကာယပညာ(သိပ္ပံ)ကျောင်းများမှ ကျောင်းသား/ကျောင်းသူ ၂၆၀ တို့၏ Fitness Dance လေ့ကျင့်နေမှုနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် အင်အား ၆၅ ဦးဖြင့် လေ့ကျင့်နေသည့် အလံတော်သယ်ယူရေးအဖွဲ့၏ အဖွဲ့လိုက်လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

● ကျောဖုံးမှအဆက်




အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်သည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး သီရိလင်္ကာနိုင်ငံကမ်းခြေအနီးမှဖြတ်ကျော်ကာ ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာလ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီကမ်းခြေတို့ကို အားကောင်းသောမုန်တိုင်းငယ်အဆင့်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့်ယနေ့ညမှ နိုဝင်ဘာလ ၃၀ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာနိုင်ပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်

ရန်ကုန် နိုဝင်ဘာ ၂၈




နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့်တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် သက်ဆိုင်ရာသံရုံးများချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မပြည့်သဥ္ဇာချိုအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးခဲ့ပြီး နိုဝင်ဘာလ ၂၆ ရက်က ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ထွက်ခွာခဲ့ပြီး ယမန်နေ့ ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့်မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိသည့်အတွက် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့ကို အလုပ်သမားနှင့် မိဘဆွေမျိုးများက လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ဆောင်းသီးနှံနေကြာ မျိုးစေ့ချစိုက်ပျိုးခြင်း အခမ်းအနားကျင်းပ

ကျုံပျော် နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တောင်သူ ဦးတင်ရှိန်၏ နေကြာသီးနှံမျိုးယှဉ်ပြိုင်သုတေသနစမ်းသပ်ကွက် စံပြစိုက်ခင်းအတွင်း၌ ယနေ့နံနက်ပိုင်းတွင် ဆောင်းရာသီနေကြာသီးနှံ မျိုးစေ့ချစိုက်ပျိုးခြင်းအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ထိုက်က နေကြာစိုက်ပျိုးလျက်ရှိသည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက မျိုးစေ့ချစိုက်ပျိုးခြင်း လက်တွေ့ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုအားပေးရာ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများပူးပေါင်း၍ စံပြစိုက်ခင်းအတွင်း နေကြာမျိုးစေ့များအား စနစ်တကျစိုက်ပျိုးကြသည်။

စိုက်ပျိုးသည့် နေကြာမျိုးများမှာ ရေဆင်း-၁(အပင်ပု)၊ ရေဆင်း-၁ (အပင်ရှည်)၊ Supersun – 41၊ ဆင်းရွှေကြာ -၂ နှင့် ရေဆင်း – ၁ တို့ဖြစ်ပြီး ကျုံပျော်မြို့နယ်အတွင်း နေကြာစိုက်ပျိုးမှုအောင်မြင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက နေကြာစိုက်တောင်သူများထံ ကွင်းဆင်း၍ စိုက်ပျိုးရေးနည်းပညာပေးခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၀˚c / ၃၀˚c |
| ရန်ကုန် | ၂၂˚c / ၃၄˚c |
| မန္တလေး | ၂၀˚c / ၃၁˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# သင်ကြားလေ့လာ ယဉ်ကျေးမှု သုခုမအနုပညာ

သက်ဦးမောင်




အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)၏ (၂၀၂၃-၂၀၂၄)ပညာသင်နှစ် (၂၇)ကြိမ်မြောက် ပန်းချီ၊ပန်းပု လက်ရာမွန်ပြပွဲနှင့်ဂီတ၊သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်စင်တင်တင်ဆက်ပွဲ အခမ်းအနားကို ဩဂုတ်လ ၂၇ ရက်က အစဉ်အလာမပျက်ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ လာမည့်နိုဝင်ဘာလ စာသင်နှစ်အစအတွက် ကျောင်းသားသစ်များကိုလည်း(၇-၇-၂၀၂၄) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခေါ်ယူထားပြီးဖြစ်သည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အနုသုခုမပညာရပ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာရပ်တို့ကို စိတ်ပါဝင်စားသူများ အနေဖြင့် ဤတက္ကသိုလ်တွင် လာရောက်လျှောက်ထားနိုင်ကြပါသည်။

**ဘယ်သူတွေလျှောက်ထား တက်ရောက်နိုင်သလဲ**

တက္ကသိုလ်ဝင်တန်းစာမေးပွဲကိုမည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူ၊ သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့် ကိုက်ညီသော ကိုယ်လက်အင်္ဂါကျန်းမာသန်စွမ်းသူ၊ အနုပညာဝါသနာပါသူ၊ နိုင်ငံသားစိစစ်ရေးကတ်(နိုင်/ပြု/ဧည့်) ကိုင်ဆောင်ထားသူတိုင်း လျှောက်ထားနိုင်သည်။

**ဘာတွေသင်ပေးသလဲ**

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)၏ ဆောင်ပုဒ်ဖြစ်သော"စိတ္တံ ဒန္တံ သုခါဝဟံ"(ယဉ်ကျေးသောစိတ်သည် ချမ်းသာခြင်းကိုဆောင်၏) ဟူသော လမ်းညွှန်မှုနှင့် တက္ကသိုလ်၏ ရည်မှန်းချက်များဖြစ်သည့်

- မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးနှင့် တိုးတက်ပြန့်ပွားရေးတို့ကို ဆောင်ရွက်ရန်၊
- မြန်မာ့သုခုမအနုပညာ တိုးတက်ပြန့်ပွားရေးနှင့် ထူးချွန်သောအနုပညာရှင်များ ပေါ်ထွန်းလာရေးတို့အတွက် သုတေသနနှင့်လေ့ကျင့်ပျိုးထောင်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊
- ပြည်ထောင်စုတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အထက်တန်း၊အလယ်တန်းကျောင်းများတွင် သင်ကြားပို့ချနိုင်ရေး အတွက် ဆောင်ရွက်ရန်၊
- ပြည်ထောင်စုစိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သော အနုပညာရှင်ကောင်းများမွေးထုတ်ရန်

ဟူသော ရည်မှန်းချက်များနှင့်အညီ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ စာပေပညာ၊ ဂီတပညာ၊သဘင်ပညာ၊ ပန်းချီပညာ၊ ပန်းပုပညာ၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာ၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု ပညာရပ်များကို သင်ကြားပေးသည်။

စာပေပညာတွင် မြန်မာစာ၊ အင်္ဂလိပ်စာ ၊ မြန်မာ့ယဉ်ကျေးမှုသမိုင်းဘာသာရပ်တို့ကို ကျောင်းသား၊ ကျောင်းသူများအားလုံး မဖြစ်မနေသင်ယူကြရပါသည်။ ဂီတပညာတွင် ဂီတဗေဒ၊ ဂီတသင်္ကေတ၊ အဆိုဂီတ၊ တိုင်းရင်းသားရိုးရာဂီတ၊ တူရိယာများလက်တွေ့တီးခတ်ခြင်း (စောင်း၊ ပတ္တလား ၊ ဆိုင်းဝိုင်း၊ နှဲ၊ ပလွေ၊ စန္ဒရား၊ တယော)နှင့် သုတေသနနည်းပညာတို့ကို သင်ကြားပေးသည်။ သဘင်ပညာတွင် ရိုးရာအကနှင့် အကဗေဒ(ရိုးရာအကဘာသာရပ်၊ တိုင်းရင်းသားရိုးရာအကဘာသာရပ်)၊ ဇာတ်ပို့တေးဂီတ၊ မြန်မာ့ရိုးရာဇာတ်ကြီးပညာ၊ မြန်မာ့ရိုးရာရုပ်သေးပညာ၊ ဇာတ်စင်ညွှန်ကြားမှုပညာ၊ ဇာတ်ညွှန်းရေးပညာ၊ ဇာတ်သဘင်ဆိုင်ရာစာပေ၊ အနုပညာရပ်ဆိုင်ရာစီမံခန့်ခွဲမှု၊ အကခန္ဓာဗေဒ၊ ဝတ်စုံဒီဇိုင်းနှင့်အရောင်ခွဲခြားမှု၊ မိတ်ကပ်နှင့်အထူးပြုလုပ်ချက်နှင့် သုတေသနနည်းပညာစသည့် ဘာသာရပ်များကို သင်ကြားပေးသည်။

ပန်းချီပညာတွင် ရသပညာ၊ အနုပညာသမိုင်း၊ အခြေခံပုံဆွဲပညာ၊ ပန်းချီနည်းပညာ၊ မြန်မာ့ရိုးရာပန်းချီပညာ၊ ဒီဇိုင်းပညာ၊ ရသပန်းချီနှင့်သုတေသနနည်းပညာ ဘာသာရပ်များကို သင်ကြားပေးသည်။ ပန်းပုပညာတွင် မြန်မာ့ရိုးရာပန်းပုပညာ၊ အခြေခံပုံဆွဲပညာ၊ ခန္ဓာဗေဒနှင့်ပန်းပုနည်းပညာ၊ ပန်းပုအနုပညာသမိုင်း၊ ပုံသွန်းလောင်းခြင်းနှင့်နည်းပညာ၊ ခေတ်ပြိုင်ပန်းပုပညာနှင့် သုတေသနနည်းပညာ ဘာသာရပ်များကို သင်ကြားပေးသည်။ ရုပ်ရှင်နှင့်ပြဇာတ်ပညာရပ်တွင် ဇာတ်ညွှန်းပညာ၊ စီစဉ်ညွှန်ကြားမှုပညာ (ဒါရိုက်တာပညာ)၊ ရုပ်ရှင်ဓာတ်ပုံပညာ၊ သရုပ်ဆောင်ပညာ၊ တည်းဖြတ်ပညာ၊ ပြဇာတ်ပညာ၊ ထုတ်လုပ်မှုစီမံခန့်ခွဲမှုပညာနှင့် သုတေသနနည်းပညာဘာသာရပ်များကို သင်ကြားပေးသည်။

ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာတွင် ပြတိုက်ပညာ၊ ယဉ်ကျေးမှုသမိုင်းစဉ်၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ၊ စဉ်ဆက်မပြတ်ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်ဥပဒေပညာ၊ ကမ္ဘာ့အမွေအနှစ်လေ့လာမှုပညာ၊ မြို့ပြတည်ထောင်ခြင်းလေ့လာမှုပညာ၊ သုတေသနနည်းပညာ ဘာသာရပ်များကို သင်ကြားပေးသည်။

**ဘာဘွဲ့တွေအပ်နှင်းသလဲ**

မိမိရွေးချယ်သင်ယူသည့် အထူးပြုအနုပညာဘာသာရပ်အလိုက်ဝိဇ္ဇာဘွဲ့(ဂီတ)၊ (သဘင်)၊ (ပန်းချီ)၊ (ပန်းပု)၊ (ရုပ်ရှင်နှင့်ပြဇာတ်)၊ (ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု)ဘွဲ့များ ချီးမြှင့်သည်။ အရည်အချင်းအဆင့်မီပါက မဟာတန်းနှင့်ပါရဂူတန်းများသို့ ဆက်လက်တက်ရောက်သင်ကြားခွင့်ရပြီး မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့များ အပ်နှင်းသည်။ ယင်းအပြင် ဒီပလိုမာသင်တန်းများအနေဖြင့် ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ၊ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာဒီပလိုမာများကို စာတွေ့၊ လက်တွေ့ တစ်နှစ်တက်ရောက်ခြင်းဖြင့်လည်းကောင်း၊ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာနှင့် ဘွဲ့လွန်မြန်မာပြက္ခဒိန်ပညာဒီပလိုမာတို့ကိုစာတွေ့၊လက်တွေ့ တစ်နှစ်ခြောက်လတက်ရောက်ခြင်းဖြင့် လည်းကောင်း၊ ဘွဲ့လွန်အနုပညာဒီပလိုမာ (ဂီတ၊သဘင်၊ပန်းချီပန်းပု၊ရုပ်ရှင်နှင့်ပြဇာတ်၊ ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု)၊ ဘွဲ့ကြိုအနုပညာဒီပလိုမာ (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှု)နှင့် ဘွဲ့ကြိုရှေးဟောင်းသုတေသနပညာဒီပလိုမာများကို တစ်နှစ်တက်ရောက်ခြင်းဖြင့် လည်းကောင်း ဘွဲ့လွန်အချိန်ပိုင်း ဒီပလိုမာဘွဲ့နှင့် အောင်လက်မှတ်များ အပ်နှင်းပါသည်။

**သင်တန်းကာလ**

သင်တန်းကာလများမှာ ဝိဇ္ဇာဘွဲ့လေးနှစ်၊ မဟာဝိဇ္ဇာဘွဲ့ နှစ်နှစ်၊ ပါရဂူဘွဲ့ သုံးနှစ်၊ ဒီပလိုမာတစ်နှစ်နှင့် တစ်နှစ်ခြောက်လ ဖြစ်သည်။ စာသင်နှစ်ကို နှစ်စဉ်နိုဝင်ဘာလ တတိယပတ်မှ စတင်ပါသည်။

**အနုပညာကိုသင်ကြားခြင်း**

နိုင်ငံတကာအနုပညာတက္ကသိုလ်များ၊ အနုပညာကောလိပ်များ၊ အနုပညာအကယ်ဒမီကျောင်းများတွင် သင်ကြားသည့်ဘာသာရပ် စုဖွဲ့ပုံ၊ ခွဲထားပုံ၊ ခရက်ဒစ်ပေးပုံများ ကွာခြားသော်လည်း အနုပညာကို သင်ကြားရာ၌ သက်ဆိုင်ရာအနုပညာဘာသာရပ်၏သမိုင်းကို ဦးစွာသင်ကြားပေးခြင်း၊ ယင်းနောက် ထိုအနုပညာရပ်အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာပုံ၊ သီအိုရီနှင့် သဘောတရားများ သင်ကြားခြင်း၊ နှောင်းခေတ်နှင့် မျက်မှောက်ခေတ်၏ အနုပညာလက်ရာကွဲပြားခြားနားလာဟန်များ၊ ဖန်တီးမှုနည်းစနစ်များ၊ လက်တွေ့ဖန်တီးပုံများ၊ တီထွင်ဆန်းသစ်နိုင်ပုံများ၊ လေ့ကျင့်မှုများကို အဆင့်ဆင့် သင်ကြားပေးခြင်းတို့မှာ အတူတူပင်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်) အနေဖြင့်လည်း ဤနည်းစနစ်အတိုင်းပင် နိုင်ငံတကာ အဆင့်မီသင်ရိုးညွှန်းတမ်းများ ရေးဆွဲပြဋ္ဌာန်းကာ သဘောတရားနှင့်လက်တွေ့ကိုအခြေခံမှ အဆင့်မြင့်ထိ တတ်ကျွမ်းစေရန် သင်ကြားလေ့ကျင့်ပေးသည်။ ကျောင်းသားတစ်ဦးချင်းစီ တတ်စေ၊ တော်စေရုံမျှမက နိုင်ငံနှင့်လူမျိုးအတွက် ယဉ်ကျေးမှုနှင့်အညီ မြတ်စေ၊ ကျော်စေရန် သင်ကြားပေးသော ကျောင်းတော်ကြီးဖြစ်သည်။ ဝါရင့်အနုပညာရှင်ကြီးများကလည်း ပြင်ပပညာရှင်များအဖြစ် လာရောက်အားဖြည့်သင်ကြားခြင်း၊ သုတေသနစာတမ်းများ၊ သုတေသနကျမ်းများကြီးကြပ်ပေးခြင်းကိုပါ ဆောင်ရွက်ပေးကြသည်။

**မြန်မာ့ပညာရေးအသိုက်အဝန်းနှင့်အညီ**

တက္ကသိုလ်များအားလုံးအတွက်မြန်မာ့ပညာရေး၏ရည်ရွယ်ချက်ဖြစ်သော တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များပေါ်ထွန်းလာစေရန်၊ အရည်အသွေးပြည့်ဝသော ပညာတတ်လူငယ်များ မွေးထုတ်ပေးရန်၊ အရည်အသွေးကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်စေရန်ဟူသည့် ရည်ရွယ်ချက်များနှင့်အညီ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သည်လည်း ဆောင်ရွက်လျက်ရှိသည်။ သင်ကြားပေးလိုက်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အနုပညာရပ်များသည် ကျောင်းသားတစ်ဦးချင်းစီ အတွက် စဉ်းစားတွေးခေါ်သုံးသပ်တတ်မှု၊ တီထွင်ဖန်တီးမှု၊ ဆန်းစစ်အကဲဖြတ်မှု၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဦးဆောင်တတ်မှု ဟူသော ဘက်စုံပညာအရည်အသွေးများကို ရရှိစေမည်ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ သုခုမအနုပညာနှင့်

> ○ ကျောင်းသားတစ်ဦးချင်းစီတတ်စေ၊ တော်စေရုံမျှမက နိုင်ငံနှင့်လူမျိုးအတွက် ယဉ်ကျေးမှုနှင့်အညီ မြတ်စေ၊ ကျော်စေရန် သင်ကြားပေးသော ကျောင်းတော်ကြီးဖြစ် . . .
>
> ○ သင်ကြားပေးလိုက်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အနုပညာရပ်များသည် ကျောင်းသားတစ်ဦးချင်းစီအတွက် စဉ်းစားတွေးခေါ်သုံးသပ်တတ်မှု၊ တီထွင်ဖန်တီးမှု၊ ဆန်းစစ်အကဲဖြတ်မှု၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဦးဆောင်တတ်မှုဟူသော ဘက်စုံပညာအရည်အသွေးများကို ရရှိစေမည်ဖြစ် . . .

**စာမျက်နှာ ၁၃ သို့** ■

■ **စာမျက်နှာ ၁၂ မှအဆက်**

ယဉ်ကျေးမှုတို့ ဘက်စုံတတ်မြောက်သည့် ကျောင်းသား၊ ကျောင်းသူများကို မွေးထုတ်ပေးခဲ့ရာ နှစ်(၃၀)ကျော်ကာလအလွန် (၂၀၂၂-၂၀၂၃) ပညာသင်နှစ်အထိ ဝိဇ္ဇာဘွဲ့ ၂၆၀၁ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၃၈၆ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၁၂၀ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၈၈၄ ဦး၊ အချိန်ပိုင်းအနုပညာကွန်ပျူတာ ဒီပလိုမာဘွဲ့ ၂၈၁၄ ဦး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့ ၆၅ ဦး၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ ၁၉ဦး၊ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ၂၁ ဦးတို့ကို ချီးမြှင့်အပ်နှင်းပေးနိုင်ခဲ့ပါသည်။ ကျောင်းဆင်းလူငယ်များသည် ပညာရေး၊ ယဉ်ကျေးမှုအနုပညာနယ်ပယ်အသီးသီးတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ်လည်းကောင်း၊ ပရော်ဖက်ရှင်နယ်ပညာရှင်များအဖြစ်လည်းကောင်း အောင်မြင်စွာ ရပ်တည်လျက်ရှိကြောင်း တွေ့မြင်နိုင်ပေသည်။

**ယဉ်ကျေးမှုဂုဏ်ရည် ထိန်းသိမ်းမြှင့်တင်**

သမိုင်းမတင်မီခေတ် ပြဒါးလင်းဂူမှ စတင်ခဲ့သည့် မြန်မာ့ပန်းချီ၊ တကောင်းခေတ်မှစတင်ခဲ့သည့်ပန်းပဲ၊ ပန်းပု၊ ပျူခေတ်သရေခေတ္တရာမှစတင်ခဲ့သည့်မြန်မာ့ဂီတ၊ အက၊ ပုဂံခေတ်မှ စတင်ခဲ့သည့် မြန်မာ့စာပေ၊ ကိုလိုနီခေတ်ဦးမှစတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သုခုမအနုပညာတို့သည် မြန်မာ့လူ့အဖွဲ့အစည်းထဲတွင် သေးငယ်သောရေစီးကြောင်းလေးအဖြစ်မှ ချောင်းငယ် မြစ်မပင်လယ်တမျှမှသည်.... မဟာသမုဒ္ဒရာအသွင်သို့ တသွင်သွင်စီးဆင်းလာခဲ့သည်မှာ နှစ်ပေါင်းထောင်ချီကြာခဲ့ပေပြီ။ နိုင်ငံတိုင်းသည် မိမိတိုင်းပြည်နှင့်လူမျိုး၏ သမိုင်းအစဉ်အလာနှင့် ဂုဏ်သိက္ခာအတွက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို အမြတ်တနိုးတန်ဖိုးထားကာ ထိန်းသိမ်းစောင့်ရှောက်ထားကြလေ့ရှိသည်။

အထူးသဖြင့် အနုသုခုမ နယ်ပယ်တွင် စာပေ၊ ဂီတ၊ အက၊ ပန်းချီ၊ ပန်းပုတို့က လူမျိုးတစ်မျိုးစီ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ပြဆိုနိုင်သည်ဖြစ်ရာ လူမျိုးတိုင်းက မိမိတို့တွင်ရှိနှင့်ပြီးသော သုခုမပညာရပ်များကို မီဒီယာမျိုးစုံမှပုံစံမျိုးစုံဖြင့် ဖော်ထုတ်ပြသနေကြသည်။ ထိန်းသိမ်းမြှင့်တင် စောင့်ရှောက်နေကြသည်။ တီထွင်ဆန်းသစ်ကာ ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းနေကြသည်။ ဘိုးဘွားဘီဘင်တို့ လက်ထက်မှလက်ဆင့်ကမ်းလာသော အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များက လက်ဆင့်ကမ်း အမွေခံယူနိုင်ကြစေရန် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့မှသင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် ဘိုးဘွားအမွေအနှစ်များကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စွာ သင်ယူလေ့ကျင့်နိုင်ရန် ဖိတ်ခေါ်သည်။ တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုဂုဏ်ရည်ကို ထိန်းသိမ်းမြှင့်တင်ရန်တိုက်တွန်းအပ်ပါသည်။ ဘိုးဘွားတို့၏ စိတ်ကူးစိတ်သန်းဆန်းကြယ်လှပသော အနုသုခုမလက်ရာများသည် ဤရေမြေ၏ ဂုဏ်သိက္ခာရှိသောသမိုင်း၊ ဤလူသားတို့၏ ပညာဉာဏ်ပြည့်ဝသော ယဉ်ကျေးမှုအဆင့်အတန်းကို ပြဆိုနေသည်ဖြစ်ရာ ယင်းတို့ကို ဖော်ညွှန်းအစဉ် မော်ကွန်းတင်ရန်မှာ မျိုးဆက်သစ်များနှင့်တကွ ကျွန်ုပ်တို့အားလုံး၏ အမျိုးသားရေး တာဝန်ပင်ဖြစ်ပါသည်။ ။

# ချောင်းဦးမြို့နယ်၌ ပဲတီစိမ်းသီးနှံ ၁၇၆၄၄ ဧက ရိတ်သိမ်းပြီးစီး

ချောင်းဦး နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်စိုက်ပျိုးခဲ့သော ပဲတီစိမ်းသီးနှံ ၁၇၆၄၄ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချောင်းဦးမြို့နယ်၌ မိုးကြိုပဲတီစိမ်းဧက ၁၂၉၅၀ နှင့် မိုးပဲတီစိမ်းဧက ၁၃၉၈၀ စုစုပေါင်း ဧက၂၆၉၃၀ လျာထားစိုက်ပျိုးခဲ့ကြရာ မိုးကြိုပဲတီစိမ်း ၈၇၅၂ ဧကနှင့် မိုးပဲတီစိမ်း ၁၄၀၃၂ ဧက စုစုပေါင်း ၂၂၇၈၄ ဧကစိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်းသီးနှံ ၂၂၇၈၄ ဧကအထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့အထိ ၁၇၆၄၄ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ဆက်လက်ပြီးတော့ ရိတ်သိမ်းနေတယ်။ အထွက်နှုန်းအနေနဲ့ကောင်းမွန်ကြတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီးတိုးချဲ့စိုက်ပျိုးဖို့ပညာပေးတာတွေရှိမယ်။"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်မြတ်မြတ်ဦးက ပြောသည်။

ယခုနှစ်တွင်ချောင်းဦးမြို့နယ်၌ စိုက်ပျိုးထားသော ပဲတီစိမ်းသီးနှံစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဩဂုတ်လမှ စတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့အထိ မိုးကြိုပဲတီစိမ်း ၈၇၅၂ ဧက ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ၁၇ ဒသမ ၄၅ တင်းနှင့်မိုးပဲတီစိမ်း ၈၈၉၂ ဧကရိတ်သိမ်းရာတွင် တစ်ဧကလျှင် ၁၈ ဒသမ ၅၆ တင်းထွက်ရှိကြောင်း သိရသည်။ (၄၀၉)

# ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

မင်းလှ နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်တောင်ဦးကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများက နိုဝင်ဘာလ ၂၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ကျေးရွာမှကော်မတီဝင်များနှင့်အတူ တောင်ဦးကျေးရွာ၌ အရှည် ၄၉၄ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တောင်ဦးကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်းငွေကျပ် ၁၈ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ချိုလေး**

## ကြွက်သားအားကောင်းစေရန် လမ်းများများလျှောက်ပေးပါ။

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

★ **စာမျက်နှာ ၁၅ မှအဆက်**

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး တစ်နည်းအားဖြင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီကျော်လွန်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ဧကတိုးချဲ့ရေး မူ(၃)ရပ်ကိုအခြေခံပြီး ဆောင်ရွက်ပေးနိုင်ကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံ GDP ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပုဂ္ဂလိကကဏ္ဍ၏ထုတ်လုပ်မှုများဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းသည်လည်း အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများသာဖြစ်ကြကြောင်း၊ ထို့ကြောင့် ပို့ကုန်တိုးမြှင့်ရေးနှင့် သွင်းကုန်အစားထိုးရေးလုပ်ငန်းများအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုနှင့် Agro–based Industry ကို အဓိကထားပြီး MSME များဖွံ့ဖြိုးတိုးတက်မှုတို့ကို တွဲဖက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိကြောင်း။

ဒစ်ဂျစ်တယ်ဆိုင်ရာ နားလည်တတ်မြောက်မှု၊ စာရင်းနှင့်ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုမှအစ တီထွင်ဆန်းသစ်မှု၊ ထုတ်ကုန်ဖွံ့ဖြိုးမှု၊ ဈေးကွက်ချဲ့ထွင်မှုနှင့် အမှတ်တံဆိပ်မြှင့်တင်ခြင်း စသည့်စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး Business Idea များကိုလည်း ဖြန့်ဝေဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"**ဟူသည့်အတိုင်း မိမိတို့နိုင်ငံ၏ တိုင်းပြည်ဝင်ငွေတိုးတက်ရေးအတွက် မိမိတို့ပြည်တွင်း၌ ထုတ်လုပ်နိုင်စွမ်း(Productivity)တိုးတက်ရေး၊ အရည်အသွေးစံချိန်မီ၊ ဈေးကွက်ရရှိရေး မိမိတို့ပြည်တွင်းအားဖြင့် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးမြင့်မားလာအောင် ရိုးရိုးသားသားကြိုးစားဆောင်ရွက်သူများကို Incentive ပေးခြင်း၊ ချီးမြှင့်ခြင်းများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံမှီတင်းနေထိုင်ကြပြီး သဘာဝဘေးအန္တရာယ်ကြောင့်သာမက လူကြောင့်ဖြစ်သည့်ဘေးအန္တရာယ်ပါ ကြုံတွေ့နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်ကစပြီး ဖွံ့ဖြိုးမှုလုပ်ငန်းများကို စီမံကိန်းများ စနစ်တကျချမှတ်အကောင်အထည်ဖော်ခဲ့ကြောင်း၊ သို့သော်လည်း သဘာဝဘေးနှင့် အခြားအနှောင့်အယှက်အမျိုးမျိုးကြောင့် ပျက်စီးခဲ့သည့် လူမှုစီးပွားရေး အခြေခံအဆောက်အအုံများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများပါလုပ်ဆောင်နေရသောကြောင့် ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်သားများ၏ကြိုးပမ်းမှုများသည် ခရီးရောက်သင့်သလောက် မရောက်ခဲ့သည်ကိုလည်းတွေ့ရကြောင်း။

လက်ရှိကာလတွင်လည်း ပြန်လည်တည်ဆောက်ရေး၊ ထူထောင်ရေးနှင့် နေရာချထားရေးလုပ်ငန်းများဖြစ်သည့် Reconstruction၊ Relief၊ Rehabilitation၊ Resilience စသည်တို့ကို လုပ်ဆောင်နေရသည်မှာ အားလုံးအသိဖြစ်ကြောင်း၊ အနာဂတ်သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိအောင် ကြိုတင်ကာကွယ်ရေးများကိုလည်း ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေး(Nation Building) အတွက် အဓိကငွေကြေးလိုအပ်ချက်များကိုလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများကဖြည့်ဆည်းပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ရာဂိမုန်တိုင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက်ပါဝင်လှူဒါန်းခဲ့ကြသောကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏စေတနာကို ထင်ရှားစွာမြင်တွေ့ရသည့်အတွက် ဂရုတစိုက်နှင့် မျှဝေခံစားတတ်သည့် လူ့အဖွဲ့အစည်း (Caring and Sharing Society)ဆိုသည်ကို သက်သေပြရာ ရောက်ခဲ့ကြောင်း။

အနာဂတ်တွင်တွေ့ကြုံရမည့် စီးပွားရေးနှင့်ပတ်သက်သည့် အခက်အခဲများကို ကမ္ဘာ့နိုင်ငံများအနေဖြင့် လေ့လာသုတေသနပြုပြီး သုံးသပ်တွက်ချက် ပြင်ဆင်လာကြသည်ကိုတွေ့ရကြောင်း၊ ထိုကဲ့သို့ ပြင်ဆင်ကြရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ ပြည်တွင်းစီးပွားရေးအခြေအနေ၊ လူ့အရင်းအမြစ်၊ သယံဇာတအရင်းအမြစ်နှင့်ငွေကြေးဓနအင်အားအခြေအနေအလိုက် ဆီလျော်သည့်နည်းလမ်းအမျိုးမျိုးကို ရှာဖွေချဉ်းကပ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံအသီးသီးက စီးပွားရေးစိန်ခေါ်မှုများ သက်သာလျော့ပါးစေရေး ချဉ်းကပ်ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံများအလိုက် ချဉ်းကပ်ပုံများကွဲပြားခြားနားကြကြောင်း၊ အထူးသဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပင်ဖြစ်စေ ပုဂ္ဂလိကကဏ္ဍ၌ပင်ဖြစ်စေ အကျပ်အတည်းပြဿနာဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်အပေါ်မူတည်ပြီး ရလဒ်ကွာခြားနိုင်သည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း။

စွမ်းဆောင်ရည် အခြေခံလိုအပ်ချက်များကို ပြင်ဆင်တည်ဆောက်နိုင်မှသာ နိုင်ငံအတွက် မျက်မှောက်ကာလသာမက အနာဂတ်ကာလတွင်ပါ ဖြစ်ပေါ်လာနိုင်သည့်ဖွံ့ဖြိုးမှုအလားအလာတို့ကို ချဉ်းကပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအနာဂတ်အတွက် **"မေခရီစီးပွားရေးမူဝါဒများ"**နှင့် **"အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ"** ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး တိုက်တွန်းပြောကြားလိုကြောင်း၊ ယင်းလုပ်ငန်းစဉ်တွင် စီးပွားရေးပညာ၏ဉာဏစွမ်းအားများပါဝင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံရေးဘောဂဗေဒ (Political Economy)အမြင်နှင့် လေ့လာသုတေသနပြုပြီး နိုင်ငံ၏အနာဂတ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းကြိုးပမ်းကြပါဟု တိုက်တွန်းလိုကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လူသားအရင်းအမြစ်များစွာလိုအပ်ပြီး အခြေခံမှစ၍ ဦးဆောင်မှုအဆင့်အထိ လုပ်တတ်၊ ကိုင်တတ်၊ မြင်တတ်ကြရန်လိုကြောင်း၊ ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေး ပညာရှင်များဖြစ်ကြသည့် ဆရာကြီး ဒေါက်တာလှမြင့်၊ ဒေါက်တာအေးလှိုင်၊ ဒေါက်တာမောင်ရှိန်၊ ဒေါက်တာသန်းညွန့်တို့၏ဦးဆောင်မှုနှင့် ယခု နှစ် ၁၀၀ ကာလအတွင်း စီးပွားရေးတက္ကသိုလ်အသီးသီးမှ ဘွဲ့ရ ၉၆၆၉၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုတက်ရောက်နေဆဲ ၁၉၀၄၂ ဦးရှိကြောင်း၊ အဝေးသင်တက္ကသိုလ်အသီးသီးကလည်း ၁၇၀၉၃၁ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဒေသအလိုက်စီးပွားရေးအမြင်ရှိမည့် လူသားအရင်းအမြစ်များမွေးထုတ်နိုင်ရန်ရည်ရွယ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ တက္ကသိုလ်အသီးသီးတွင် ဝိဇ္ဇာဘွဲ့(စီးပွားရေး)သင်တန်းများကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုသင်တန်းတက်ရောက်နေသူ ၁၇၈၆ ဦးရှိကြောင်း၊ စီးပွားရေးပညာအခြေခံ၊ စီးပွားရေးအမြင်ရှိမှသာ နိုင်ငံစီးပွားရေးကို ပိုမိုကောင်းမွန်အောင် ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးနယ်ပယ် မြင့်မားလာအောင် အဘက်ဘက်က ဦးဆောင်မှုပေးခဲ့ကြသည့် ဆရာကြီးများနှင့် စီးပွားရေးပညာရပ်နယ်ပယ်အသီးသီးမှ ဆရာကြီး၊ ဆရာမကြီးများအားလုံးကို ဂုဏ်ပြုပါကြောင်း။

နယ်ပယ်စုံကဏ္ဍစုံတွင် လက်တွေ့အသုံးချနိုင်သည့် စီးပွားရေးပညာရပ်ကို **"စီးပွားရေးပညာ နှစ် ၁၀၀၊ ပြည်သူ့အကျိုးတို့သယ်ပိုး"**ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိအကျိုးစီးပွား၊ မိသားစုအကျိုးစီးပွား၊ လုပ်ငန်းအကျိုးစီးပွားများမှသည် နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားများကိုပါ မြှင့်တင်ပေးနိုင်မည့် အတ္တ-ပရမ္မျတသည့် အနာဂတ်မျိုးဆက်သစ်များ၏ စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရေး၊ စီးပွားရေးပညာကို လက်တွေ့ကျင့်သုံးနိုင်သူများဖြစ်အောင် ကျွမ်းကျင်သူများကို မွေးထုတ်ပေးပြီး နောင်နှစ်ပေါင်းများစွာတိုင် အစွန့်ရှည်တည်တံ့စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အခမ်းအနားကျင်းပရေးကော်မတီနာယက ဒေါက်တာသန်းညွန့်က ဂုဏ်ပြုစကားပြောကြားပြီး အခမ်းအနားကျင်းပရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်က "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ထို့နောက် "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ် အခမ်းအနားဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ် (၁၀၀)" ရာပြည့်အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်းသတင်းရရှိသည်။ **(၁၀၀)**

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ချင်းလန်းအသင်း ချန်ပီယံဆုဆွတ်ခူး




ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပခဲ့ပြီး ချန်ပီယံဆုကို ချင်းလန်းအသင်းဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဦးစွာ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲနောက်ဆုံးပွဲစဉ်အဖြစ် University အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ကစားခဲ့ရာ University အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဂိုးကွာခြားချက်အသာဖြင့် ရာမညယူနိုက်တက်အသင်းကို ကျော်ဖြတ်ကာ အဆင့်(၂)နေရာဖြင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးကစားသမားဆုကို University အသင်းတိုက်စစ်မှူး ဇော်ဇော်ထိုက်က ၁၈ ဂိုးဖြင့်ရရှိခဲ့ပြီး ဆုတံဆိပ်နှင့်ဆုကြေးငွေကျပ်ငါးသိန်းကို မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်ကလည်းကောင်း၊ တတိယဆုရရှိသည့် ရာမညယူနိုက်တက်အသင်းအတွက် တစ်ဦးချင်းကြေးတံဆိပ်ဆုများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင် မွန်ပြည်နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသင်းမောင်စိုးကလည်းကောင်း၊ ဆုကြေးငွေကျပ်သိန်း ၁၀၀ ကို Dagon Beverage မှ General Manager ဦးအောင်လှိုင်ဝင်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် University အသင်းအတွက်တစ်ဦးချင်းငွေတံဆိပ်ဆုများကို University အသင်းဥက္ကဋ္ဌ ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်းကလည်းကောင်း၊ ဆုကြေးငွေကျပ်သိန်း ၁၅၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းကလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ချင်းလန်းအသင်းအတွက် တစ်ဦးချင်းရွှေတံဆိပ်ဆုနှင့်ဆုကြေးငွေကျပ်သိန်း ၂၀၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေနှင့် ဆုဖလားကို မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းထိုက်တို့က အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ်အခမ်းအနား ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**❖ နိုင်ငံတည်ဆောက်ရေး(Nation Building)အတွက် အဓိကငွေကြေးလိုအပ်ချက်များကိုလည်း ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများက ဖြည့်ဆည်းပေးခဲ့ခြင်းပင်ဖြစ်၊ ရာဂိမုန်တိုင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက်ပါဝင်လှူဒါန်းခဲ့ကြသောကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏စေတနာကိုထင်ရှားစွာမြင်တွေ့ရသည့်အတွက် ဂရုတစိုက်နှင့် မျှဝေခံစားတတ်သည့် လူ့အဖွဲ့အစည်း(Caring and Sharing Society)ဆိုသည်ကို သက်သေပြရာရောက်ခဲ့ . . .**

**❖ ပထဝီနိုင်ငံရေးနှင့်ပထဝီစီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံရေးဘောဂဗေဒ (Political Economy)အမြင်နှင့် လေ့လာသုတေသနပြုပြီး နိုင်ငံ၏အနာဂတ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းကြိုးပမ်း . . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုလေ့လာစဉ်။

☆**စာမျက်နှာ ၁၇ မှအဆက်**

ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေကြသူများ၊ စီးပွားရေးပညာရှင်များ၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်သူများ၊ ရင်းနှီးမြှုပ်နှံသူများ အားလုံးက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ၊ ခံနိုင်ရည်ရှိစွာ ပါဝင်အကောင်အထည်ဖော်ပေးကြရန်လည်း တိုက်တွန်းလိုကြောင်း၊ နိုင်ငံ၏အခြေခံအချက်အလက်များပေါ်တွင်မူတည်ပြီး စီးပွားရေးပညာရှင်များအနေဖြင့် နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံဆောင်ရွက်သင့်သည်၊ မတူညီသည့် ဒေသအခြေအနေများပေါ်မူတည်ပြီး ဒေသအလိုက် စီးပွားရေးကို ရေတို၊ ရေရှည်အတွက် မည်သို့ဆောင်ရွက်သင့်သည်ဆိုသည်ကို ဖော်ထုတ်ကြရန်လိုကြောင်း။

ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခုသည်ဈေးကွက်ဝင်သည့်ကုန်ထုတ်လုပ်မှုမြင့်မားရန် အလွန်အရေးကြီးကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး ကန့်သတ်မှုမျိုးစုံကြုံတွေ့နေရသည့် မိမိတို့နိုင်ငံသည် လက်ရှိပြည်ပပို့ကုန်ကို ၂ ဆတိုးမြှင့်ပို့နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူရမည်ဖြစ်ကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၄၁ ရာခိုင်နှုန်းသည် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများတွင် လုပ်ကိုင်နေသူများဖြစ်သည်ဟု သန်းခေါင်စာရင်းအစီရင်ခံစာတွင် တွေ့ရှိရကြောင်း၊ အဓိကကုန်ထုတ်လုပ်ငန်းသည် လယ်ယာထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များသာဖြစ်ပြီး ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး အခြေခံအားဖြင့် တူညီကြကြောင်း၊ အသက် ၂၅ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် ပညာရေး အသင့်အတင့်သာရှိသောကြောင့် မိမိတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အလေးထားဆောင်ရွက်သင့်သည်ဆိုသည်မှာ ပေါ်လွင်နေကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အဓိကမောင်းနှင်အားသည် စီးပွားရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ယခုလက်ရှိအခြေအနေထက် တိုးတက်အောင်ဆောင်ကြဉ်းပေးရန်လိုကြောင်း၊ ထို့အပြင် ပြန်လည်ရရှိနိုင်သည့်သဘာဝကုန်ကြမ်းကိုအခြေခံသော ကုန်ထုတ်လုပ်မှုများကို အားပေးကြရမည်၊ ဝါ၊ ဝါး၊ ရော်ဘာကုန်ကြမ်းတို့ကို အခြေခံသည့်စက်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ရမည်၊ ကိန်းဂဏန်းများအရ တိုးတက်မှုသာမက လက်တွေ့ကျကျ တိုးတက်အောင် ဆောင်ရွက်ကြရမည်၊ အဓိကကျသည့် **စာမျက်နှာ ၁၄ သို့**☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)” ရာပြည့်အထိမ်းအမှတ်အခမ်းအနား Video Clip ကိုကြည့်ရှုစဉ်။



**☆ရှေ့ဖုံးမှအဆက်**

စီးပွားရေးပညာရပ်ဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့်ညီနောင်အသင်းများ၊ စီးပွားရေးတက္ကသိုလ်နှင့် စီးပွားရေးဆိုင်ရာတက္ကသိုလ်များမှ ဆရာကြီး/ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားဟောင်းများ၊ စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ် (၁၀၀)” ရာပြည့် အထိမ်းအမှတ်အခမ်းအနား Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့သည် ခေတ်ကာလအဆက်ဆက် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရာတိုးတက်ကြောင်းအတွက် စီးပွားရေးပညာကို စတင်သင်ယူခွင့်ရရှိခဲ့ပြီး နိုင်ငံအတွက် အထောက်အကူပြုနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် စီးပွားရေးပညာနှင့်ပတ်သက်ပြီး ထူးခြားသည့်နှစ်တစ်နှစ်ဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာ့ပညာရေးသမိုင်းတွင် စီးပွားရေးပညာရပ်အနေဖြင့် စတင်ပါဝင်လာခဲ့သည်မှာ ၁၉၂၄ ခုနှစ်၌ ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာန စတင်ဖွင့်လှစ်သင်ကြားခဲ့ချိန်ကဖြစ်ကြောင်း၊ ထို့ကြောင့် **“စီးပွားရေးပညာနှစ်၁၀၀ သက်တမ်း”**ကာလအတွင်း ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့်ဆရာကြီး၊ ဆရာမကြီးများ၊ စီးပွားရေးပညာဘွဲ့ရများ၊ လက်ရှိစီးပွားရေးပညာသင်ယူနေဆဲ ကျောင်းသား၊ ကျောင်းသူများ၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအသီးသီး၌ စီးပွားရေးပညာဖြင့် နိုင်ငံ့အကျိုးသယ်ပိုးနေကြသူများအားလုံး၏ ဂုဏ်ယူဖွယ်နေ့တစ်နေ့ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

စီးပွားရေးပညာ နှစ် ၁၀၀ ခရီးကို ပြန်ကြည့်မည်ဆိုပါက ကိုလိုနီခေတ်က စတင်ပြီး ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်အထိ ခေတ်အဆက်ဆက်တွင် စီးပွားရေးပညာအနေဖြင့် မူဝါဒဆိုင်ရာပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကကျသည့်စီးပွားရေးကဏ္ဍကို ကောင်းစွာအကျိုးပြုခဲ့သည့်ဘာသာရပ်ကြီးလည်းဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုလေ့လာစဉ်။

**❖ နိုင်ငံတစ်နိုင်ငံ၏အဓိကမောင်းနှင်အားသည် စီးပွားရေးပင်ဖြစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုကို ယခုလက်ရှိအခြေအနေထက် တိုးတက်အောင်ဆောင်ကြဉ်းပေးရန်လို၊ ကိန်းဂဏန်းများအရ တိုးတက်မှုသာမက လက်တွေ့ကျကျ တိုးတက်အောင်ဆောင်ရွက်ကြရမည်၊ အဓိကကျသည့်စိုက်ပျိုးရေးကဏ္ဍအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး တစ်နည်းအားဖြင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ကေတိုးချဲ့ရေးမူ(၃)ရပ်ကို အခြေခံပြီးဆောင်ရွက်ပေး. . .**

**❖ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”ဟူသည့်အတိုင်း မိမိတို့နိုင်ငံ၏ တိုင်းပြည်ဝင်ငွေတိုးတက်ရေးအတွက် မိမိတို့ပြည်တွင်း၌ ထုတ်လုပ်နိုင်စွမ်း(Productivity)တိုးတက်ရေး၊ အရည်အသွေးစံချိန်မီ၊ ဈေးကွက်ရရှိရေး မိမိတို့ပြည်တွင်းအားဖြင့် ကြိုးပမ်းကြရမည်ဖြစ်၊ နိုင်ငံ့စီးပွားရေးမြင့်မားလာအောင် ရိုးရိုးသားသားကြိုးစားဆောင်ရွက်သူများကို Incentive ပေးခြင်း၊ ချီးမြှင့်ခြင်းများ ပြုလုပ်သွားရမည်ဖြစ် . . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုလေ့လာစဉ်။

တို့၏အားပြိုင်မှုများကို မိမိတို့နိုင်ငံအနေဖြင့်လည်း အနည်းနှင့်အများ သက်ရောက်ခံစားကြရကြောင်း၊ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်တာဝန်ကို စတင်ယူကတည်းက စီးပွားရေးနှင့်ပတ်သက်ပြီး အဖျက်အမှောင့်၊ ပိတ်ဆို့ဟန့်တားမှုများစွာနှင့် အကျပ်အတည်းများကိုကျော်လွှားနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတွင်းရှိ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားအားလုံး၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့သာမက အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ တန်းတူညီမျှရှိစေရေး၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးတို့အတွက် အလေးထား အကောင်အထည်ဖော်ပေးနေကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စီးပွားရေးပညာကို စွမ်းဆောင်ရည်ပြည့်ပြည့်ဝဝဖြင့် လက်တွေ့အသုံးချတတ်မှုသည်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း (၁)၊ ပုဒ်မ ၃၅ တွင် **“နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်”**ဟု ပြဋ္ဌာန်းထားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် အလျောက် ဈေးကွက်အားနည်းချက် (Market Failure) များစွာရှိသည့်အတွက် အစိုးရက ပါဝင်လုပ်ဆောင်နေရသည့် အခန်းကဏ္ဍများစွာရှိနေကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများရှိနေသေးသည့်အတွက်လည်း ထည့်သွင်းစဉ်းစားရသည့် စီးပွားရေးကိန်းရှင်များစွာရှိနေကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဈေးကွက်နှင့်ပုဂ္ဂလိက အခန်းကဏ္ဍသည် ပိုမိုများပြားအရေးပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် ချမှတ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း၊ **စာမျက်နှာ ၁၅ သို့** ☆

ကြောင်း။

မြန်မာနိုင်ငံတွင် စီးပွားရေးပညာရပ်သင်ကြားမှုနှင့်ပတ်သက်ပြီး ရန်ကုန်တက္ကသိုလ် လူမှုသိပ္ပံမဟာဌာနအောက်၌ ဘောဂဗေဒဌာန (စီးပွားရေးပညာဌာန)ကို ၁၉၂၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘောဂဗေဒဘွဲ့အတွက် သင်ကြားခဲ့ကြောင်း၊ ယခုနှစ်တွင် **“စီးပွားပညာ နှစ် ၁၀၀”**နှင့် **“ရန်ကုန်စီးပွားရေးတက္ကသိုလ်အဖြစ်ထူထောင်သည့်နှစ်(၆၀)ပြည့်သည့်နှစ်”** တိုက်ဆိုင်နေခြင်းသည်လည်း **“ဂုဏ်ယူဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ရပ်”**ဖြစ်ကြောင်း။

ယနေ့ကာလ ကမ္ဘာ့စီးပွားရေးကိုကြည့်မည်ဆိုပါက ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးအားပြိုင်မှုများ၊ ရောဂါကပ်ဘေးသက်ရောက်မှု၊ သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ်ထိခိုက်မှု၊ ကုန်သွယ်ရေးနှင့်ငွေကြေးဆိုင်ရာပြဿနာ၊ နည်းပညာပြိုင်ဆိုင်မှုများ၊ စွမ်းအင်လုံခြုံရေးအခက်အခဲ စသည်တို့ကြောင့် ပထဝီစီးပွားရေးအနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကျင့်သုံးမှုများ ပိုမိုတိုးပွားလာသည်ကိုလည်းတွေ့ရကြောင်း၊ နိုင်ငံရေးနှင့် စီးပွားရေးရောစပ်ပေါင်းယှက်ဖြစ်ပေါ်လာသည့် စီးပွားရေးအကျပ်အတည်း ပြဿနာအသစ်များကို မေခရိုစီးပွားရေးပညာရပ်နှင့် နိုင်ငံရေးဘောဂဗေဒရှုထောင့်တို့ပေါင်းစပ်ပြီး နည်းလမ်းသစ်နှင့် လေ့လာသုံးသပ်ဆောင်ရွက်ကြရန်လိုအပ်လာသည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာ့ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ “စီးပွားရေးပညာနှစ်(၁၀၀)” ရာပြည့်အထိမ်းအမှတ်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုလေ့လာစဉ်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing graces ceremony to mark the Centennial Anniversary of Economics Education in Myanmar



Senior General Min Aung Hlaing addresses the ceremony to mark the Centennial Anniversary of Economics Education in Myanmar.

NAY PYI TAW November 28

A ceremony to mark the Centennial Anniversary of Economics Education in Myanmar was held at MICC II here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Joint SAC Secretary General Ye Win Oo, SAC members, union ministers and union level officials, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, economics degree holders, members of steering committee and subcommittees to hold the Centennial Anniversary of Myanmar Economics Education, representatives of economy-related ministries, representatives of economics-related associations, Union of Myanmar Federation of Chambers of Commerce and Industry and affiliated associations, senior faculty members, students and alumni of universities of economics and universities related with economics, resource persons and officials.

When the ceremony began, the Senior General and attendees watched a video clip on the ceremony.

In his address, the Senior General said today marks the centenary of the opportunity to learn economics for progress of national economy and socio-economic life of the people throughout the successive eras and the years afterwards during which the knowledge of economics had supported the country. Hence, this year is significant for economic knowledge. Since the establishment of the economics department in Yangon University in 1924, the subject has been taught in the country. Indeed, it is an honourable day for all the teachers, economics graduates, students learning the subject, and the persons who are serving national interest with the economic knowledge in the government and private sectors during the period of 100 years. It's also a pleasure and honour for the nation.

A look back at the economics education 100-year journey shows that throughout the successive periods from the colonial times till the administration of SAC,

See Page - 21 ●●



Senior General Min Aung Hlaing views documentary photos at the exhibit of the Economics Department.




Senior General Min Aung Hlaing visits the exhibit of Myanmar agri foods.

●● From Page - 21

sector, we urge a commitment to three core principles: increasing yields by surpassing established targets enhancing yield potential, and expanding the cultivation area.

Approximately 90 percent of the country's GDP is generated by the private sector, and 95 percent of businesses are small, micro, and medium-sized enterprises (MSMEs). To boost exports and reduce reliance on imports, it is crucial to foster collaboration between private sector development and the growth of MSMEs, with a particular focus on agro-based industries. Supporting services are being provided to promote the development of MSME businesses.

It is also essential to disseminate business ideas that support business development, ranging from digital literacy and accounting to financial management, innovation, product development, marketing, and branding. As the saying goes, **"The only true strength of a country lies within the country,"** we must focus on enhancing domestic productivity, improving quality standards, and expanding access to local markets in order to boost the nation's income. Incentives and rewards should be provided to those who make sincere efforts to strengthen and boost the country's economy.

Our country, a developing nation with a diverse population of ethnic groups, faces both natural and man-made disasters. Since gaining independence, development projects have been implemented systematically. However, due to the ongoing reconstruction of socio-economic infrastructure damaged by natural disasters and other challenges, investments and the efforts of workers have not yet reached their full potential.

At present, reconstruction, relief, rehabilitation, and resilience initiatives are being carried out, which are widely recognized. It is important to continue implementing preventative measures to strengthen resilience against future natural disasters. Domestic entrepreneurs have significantly contributed to the financial needs of nation-building through their investments. During the post-Typhoon Yagi recovery efforts, domestic businesspeople actively participated and donated generously, reflecting the concept of a "Caring and Sharing Society."

It has been observed that countries around the world are preparing and analyzing potential economic challenges they may face in the future. In doing so, they adopt different approaches based on their domestic economic conditions, human resources, natural resources, and financial capacity. These varying approaches demonstrate that the ability to resolve crises depends on the capabilities of both public and private sectors, resulting in differing outcomes.

Preparing and building capacity is essential not only for the present but also to address potential development opportunities in the future. Therefore, it is urged to develop and implement **"macro-economic policies"** and a **"national economic development strategy"** for the country's future. This process requires the involvement of intellectual expertise in economics. It is also encouraged to study and address geopolitical and geo-economic challenges through a political economy perspective to collectively work towards the country's economic development.

Human resources play a critical role in economic development, requiring competencies from foundational levels to leadership positions. Over the decades, prominent economists such as Dr. Hla Myint, Dr. Aye Hlaing, Dr. Maung Shein, and Dr. Than Nyunt have contributed significantly. Myanmar's various universities have produced 96,696 graduates over the past century, with 19,042 students currently enrolled. Distance education institutions have also produced 170,931 graduates. In the 2022-2023 academic year, universities in states and regions began offering Bachelor of Economics programs aimed at developing regionally skilled human resources, with 1,786 students currently enrolled. It is emphasized that a strong foundation in economics is essential for improving the country's economic landscape. The contributions of Myanmar's leading economists and educators in the field of economics are acknowledged and honored.

In alignment with the motto **"A Century of Economics Education: Serving the People"**, to develop an economic knowledge base that can be practically applied across various sectors, efforts should focus on producing skilled practitioners capable of applying economic knowledge effectively, ensuring sustainable progress for many years to come for fostering an economic environment led by a new generation of ethical and fair professionals who can enhance not only their own prosperity but also the well-being of their families, businesses, the nation, and its people.

Dr. Than Nyunt, the chairman of the organizing committee, delivered a congratulatory speech, followed by an address by Dr. Kan Zaw, Union Minister for Investment and Foreign Economic Relations, elaborating on the significance of the centenary celebration of economic education.

Subsequently, musical performances honoring the centenary were presented, and attendees, including the Senior General, enjoyed the performances.

Then, the Senior General and the attendees had a group photo taken.

Afterward, the Senior General, and attendees interestingly toured the exhibits commemorating the Centennial Anniversary of Economics Education in Myanmar. **100**

# State Administration Council

# Press Release

# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Putin warns of retaliation if nuclear weapons transferred to Ukraine



MOSCOW November 28

Russia will use all means of destruction at its disposal if Ukraine gets nuclear weapons, Russian President Vladimir Putin said at his press conference following the Collective Security Treaty Organization (CSTO) summit in Kazakhstan.

"In this case, we will take and use all, I want to emphasize, exactly all means of defeat available to Russia. Everything, we will not allow this," Putin pointed out, commenting on possible future Russian actions in case Ukraine has nuclear weapons.

The president also noted that Russia will not allow Ukraine to obtain nuclear weapons.

"What do you think, at the level of common sense? If the country with which we are essentially fighting now becomes a nuclear power, what should we do? In this case, we will take and use all, I want to emphasize this, exactly all the means of defeat available to Russia - everything. We will not allow this. We will watch their every move," Putin told reporters when asked about Russia's reaction to the possible transfer of nuclear weapons to Kiev.

Russia will respond to acts of aggression, there will be a different tool for each target in Ukraine, Russian troops will not shoot at sparrows from a cannon, President Putin emphasized.

"I want to say once again now, of course, we will respond to such acts of aggression against the Russian Federation, how and when, with what weapons - it will depend on those objects of defeat, which will be chosen by the General Staff of the Ministry of Defense, because for each object will be used its own tool suitable for these purposes. Well, let's say, it is pointless to strike a high-precision hypersonic missile at a seemingly insignificant target, small in volume, because it is like shooting sparrows with a cannon," he added said.

**Sputnik**

# Iran not seeking war with Israel but ready for it – Foreign Minister

MOSCOW November 28

Iran is not seeking a confrontation with Israel, but is ready for a large-scale war if it is unleashed in the region, Iranian Foreign Minister Abbas Araghchi said.

Iran has no intention of escalating regional tensions, but Iran is ready even for a large-scale war in case Israel launches it, Araghchi told reporters in Lisbon on Wednesday, Portuguese newspaper reported.

The Iranian minister also rejected claims that Lebanese Shiite movement Hezbollah has been weakened after prolonged fighting with Israel. Hezbollah's ability to reorganize and resist Israeli forces in southern Lebanon is the main reason Israel accepted the ceasefire, Araghchi said.

On Tuesday evening, the Israeli Security Cabinet approved the ceasefire agreement with Lebanon by an absolute majority of votes.

Israeli Prime Minister Benjamin Netanyahu emphasized the need for the ceasefire and said that Israel would respond to any possible resumption of hostilities.

**Sputnik**





# Over 60,000 displaced by flooding in Malaysia

KUALA LUMPUR November 28

Flooding has displaced 60,099 people in several states in Malaysia's north and east coast areas as of 8 p.m. local time on Thursday.

The worst affected area was Kelantan state, with 49,048 people being housed in 207 flood relief centers, according to the country's social welfare department.

Other affected states included Terengganu, Kedah, Perlis and Perak. The meteorological department has previously warned of heavy rains till the end of November.

**Xinhua**

# At least 27 Palestinians killed in Israeli attacks across Gaza: sources

GAZA November 28

At least 27 Palestinians were killed on Thursday as Israeli forces continued to pound targets across the Gaza Strip, with a focus on the Nuseirat camp in central Gaza.

Al-Awda Hospital in central Gaza reported receiving 16 bodies and 55 injured individuals since the morning, following heavy air and artillery strikes in the Nuseirat area.

The hospital accused Israeli forces of directly targeting ambulance workers as they attempted to evacuate besieged families from northern Nuseirat.

Palestinian security sources confirmed that Israeli artillery shelled multiple homes in the camp, while witnesses reported the army deploying vehicles and conducting destructive operations in northern Nuseirat. Eyewitnesses also stated that Israeli strikes hit a food distribution center, injuring displaced Palestinians, and targeted the upper floors of three residential buildings in the camp.

In the southern Gaza Strip, four Palestinians were killed when Israeli shelling struck a bicycle near a camp for displaced persons in Abasan, east of Khan Younis, according to Nasser Hospital.

In northern Gaza, paramedics reported four deaths in Beit Lahia after Israeli warplanes bombed two homes in the area. Two more people were killed when strikes hit the entrance to Kamal Adwan Hospital, and another person died in the Jabalia camp due to Israeli bombardment.

The Israel Defense Forces (IDF) have not commented on these specific incidents. However, a Wednesday statement from the IDF confirmed continued military operations in Jabalia and Beit Lahia in northern Gaza.

Gaza-based health authorities reported that the death toll among Palestinians has reached 44,282 as of Wednesday, underscoring the devastating human cost of the conflict.

**Xinhua**

●● From Page - 18

economic policy support and economic councils were provided with the knowledge of economics. It was a branch of knowledge that had benefited the country's main economic sector.

As regards the pursuance of the economics in Myanmar, the department of economics was opened in 1924 under the Faculty of Social Sciences at Yangon University. **The Centennial Anniversary of Economics Education** and **the 60th founding anniversary of Yangon University of Economics** fall in the same year. So, **it is a remarkable coincidence in history**.

Today's global economy indicates a rise in the practice of protectionism policy due to geopolitical and geoeconomic rivalry, epidemics, natural disasters, trade and currency crisis, technological competition, energy security risks. New economic crises that stem from the intersection of politics and economics must be studied and solved from the viewpoint of macroeconomics and political economics.

More or less, the country is facing the impacts of global geopolitical and geoeconomic rivalry. Since its assumption of the State responsibilities, SAC has been applying various means to overcome economic harassment, sanctions and crises.

The State Administration Council is actively pursuing policies, future plans, and strategies aimed at advancing the welfare of the state and its citizens. These initiatives focus on the balanced development of all regions across the country, ensuring equal opportunities for all ethnic groups in areas such as social, economic, education, and healthcare advancement. Additionally, efforts are being made to create job opportunities within local communities. A key factor in this process is the practical application of economic knowledge, which plays a crucial role in driving the nation's overall economic development.

The Constitution of 2008, Chapter 1, Section 35, states that **"the economic system of the State is a market economy."** As a developing nation, our country faces numerous market failures, requiring the government to intervene in various sectors. In addition, ongoing economic sanctions present several challenges, with numerous economic factors needing careful consideration. As the country progresses, the role of the market and private sector will grow in significance. To drive national development, State Administration Council has introduced two key national programs: national prosperity and food security, both of which are currently being implemented. To ensure the success of our goals and future plans, we call on private entrepreneurs, government and non-government organization employees, economists, leaders in the country's economic development, and investors to actively engage in their respective roles to support the implementation of these initiatives. Economists must focus on determining the optimal management of the national economy, using fundamental data, while also assessing how regional economies should be managed both in the short and long term, taking into account the different conditions of each region.

For a developing country, achieving high levels of marketable production is crucial. Our nation, currently facing various restrictions for a number of reasons, will only be able to significantly contribute to its development by doubling its current exports. According to the census report, approximately 70 percent of the population resides in rural areas, with 41 percent of the workforce engaged in agriculture, livestock breeding, fisheries, and forestry. The primary manufacturing industries in the country are centered around agricultural and livestock products, which are consistent across all states and regions. With approximately 50 percent of the population over the age of 25 possessing only a moderate level of education, it is evident that our focus should remain on agricultural and livestock-based production. As the economy is the main driving force of a nation, it is essential to advance production in these sectors, moving beyond the current state to ensure sustained growth and development. Furthermore, it is essential to promote the production of goods derived from renewable natural raw materials. We must focus on developing industries that utilize cotton, bamboo, and rubber as raw materials. Progress should not only be measured in terms of numbers but also in practical outcomes. As agriculture remains a key

See Page - 19 ●●




Senior General Min Aung Hlaing visits the exhibit of SME Development Bank.



Senior General Min Aung Hlaing visits the exhibit of the Economics Department.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

SPECIAL REPORTS ON RUSSIA-UKRAINE CONFLICT

# ရုရှားက Oreshnik ဒုံးကျည်များသုံးပြီး ယူကရိန်းကိုတိုက်ခိုက်ရန် ပစ်မှတ်များရွေးချယ်နေဟု ပူတင်သတိပေး




မော်စကို၊ စစ်ရေး

ရုရှားနိုင်ငံက နောက်ဆုံးပေါ်အသံနှုန်းလွန်အမြင့်ပျံဒုံးကျည်များဖြစ်တဲ့ Oreshnik ဒုံးကျည်များအသုံးပြုပြီး ယူကရိန်းနိုင်ငံကိုတိုက်ခိုက်ဖို့အတွက် ပစ်မှတ်များရွေးချယ်နေပြီလို့ ရုရှားသမ္မတဗလာဒီမာပူတင်က နိုဝင်ဘာလ ၂၈ ရက်မှာ သတိပေးလိုက်ပါတယ်။

အဲဒီပစ်မှတ်တွေထဲမှာ ဆုံးဖြတ်ချက်ချမှတ်တဲ့ဌာနတွေပါဝင်လာနိုင်တယ်ဆိုပြီး ပူတင်က ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့မှာ ဒေသတွင်းမဟာမိတ်နိုင်ငံများနဲ့တွေ့ဆုံဆွေးနွေးစဉ်ပြောလိုက်တာပါ။

ဒ့ါအပြင် ယူကရိန်းအစိုးရက ရုရှားရဲ့အမျိုးသားရေးအရေးကြီးအဆောက်အအုံတွေကို အကြိမ်ကြိမ်တိုက်ခိုက်မှုတွေလုပ်ထားတဲ့အတွက် ယူကရိန်းရဲ့စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အဦများအပြင် ကာကွယ်ရေးနဲ့ စက်မှုလုပ်ငန်းများကလည်း Oreshnik ရဲ့ပစ်မှတ်ထဲမှာပါဝင်တယ်ဆိုပြီး ပူတင်ကပြောထားပါတယ်။

အခုဆိုရင်ရုရှားနိုင်ငံက Oreshnik ဒုံးကျည်အများအပြားကို အသုံးပြုထားပြီးဖြစ်သလို အမြောက်အမြားထုတ်လုပ်မှုကိုလည်းစတင်လုပ်ဆောင်နေပါပြီ။

ဒီလိုမျိုးဒုံးကျည်အမျိုးအစားကို စတင်အသုံးပြုလာတာက ပြီးခဲ့တဲ့သီတင်းပတ်မှာပါ။ ယူကရိန်းက အနောက်နိုင်ငံများရဲ့ ခွင့်ပြုချက်အရ ရုရှားနိုင်ငံရဲ့နယ်မြေထဲကို တာဝေးပစ်ဒုံးကျည်တွေနဲ့ ပစ်ခတ်မှုအပေါ် ရုရှားကလက်တုံ့ပြန်တဲ့အနေနဲ့ Oreshnik ဒုံးကျည်ကိုအသုံးပြုပြီး တိုက်ခိုက်လိုက်တာပါ။

နိုဝင်ဘာလ ၂၇ ရက်ညပိုင်းမှာလည်း ရုရှားက ယူကရိန်းနိုင်ငံရှိစစ်ရေးပစ်မှတ်များအပေါ် ဒုံးကျည်နဲ့တိုက်ခိုက်မှုအကြိမ် ၉၀၊ ဒရုန်းနဲ့တိုက်ခိုက်မှုအကြိမ် ၁၀၀ ဝန်းကျင်လုပ်ဆောင်ထားပါတယ်။

ဒီလိုတိုက်ခိုက်ရတာကလည်း ယူကရိန်းနိုင်ငံအနေနဲ့ အနောက်နိုင်ငံတွေရဲ့ လက်နက်များကိုအသုံးပြုပြီး တိုက်ခိုက်မှုတွေ ဆက်လက်လုပ်ဆောင်လာနေတာကြောင့်ဖြစ်တယ်လို့ ပူတင်ကပြောထားပါတယ်။ ဒ့ါအပြင် နောက်ထပ် Oreshnik ဒုံးကျည်နဲ့တိုက်ခိုက်မှုတွေ ဆက်လုပ်လာဖို့ရှိတယ်ဆိုပြီးတော့လည်း ပူတင်ဆက်ပြောထားပါတယ်။

Oreshnik ဒုံးကျည်ကို ကမ္ဘာပေါ်မှာရှိတဲ့ဘယ်လိုမျိုး လေကြောင်းရန်ကာကွယ်ရေးစနစ်ကမျှ ကြားဖြတ်ဟန့်တားခြင်းငှာ မစွမ်းသာသေးပါဘူး။ သူ့ရဲ့အမြန်နှုန်းကလည်း အသံထက် ၁၀ ဆမြန်တဲ့အတွက် အပူချိန်ကလည်း ၄၀၀၀ ဒီဂရီစင်တီဂရိတ်အထိရှိနိုင်ပါတယ်။ တခြားဒုံးကျည်တွေနဲ့မတူတဲ့ အားသာချက်တစ်ခုကတော့ မြေအောက်အနက်ကြီးမှာရှိတဲ့ ပစ်မှတ်တွေကိုတောင်မှ ဖျက်ဆီးနိုင်စွမ်းရှိတာပဲဖြစ်ပါတယ်လို့ ပူတင်က စုပေါင်းလုံခြုံရေးသဘောတူစာချုပ်အဖွဲ့ (CSTO) အစည်းအဝေးမှာပြောထားပါတယ်။

Ref: RT

K.H

# ရုရှား၏မဟာမိတ်နိုင်ငံများ ရုရှား၏နျူကလီးယားထီးရိပ်အောက်တွင်ရှိ

မော်စကို၊ စစ်ရေး

ယူရေးရှားဒေသမှာရှိတဲ့ ရုရှားရဲ့မဟာမိတ်နိုင်ငံများဟာ ရုရှားနိုင်ငံရဲ့နျူကလီးယားထီးရိပ်အောက်မှာရှိတယ်ဆိုတာကို အနောက်နိုင်ငံတွေအနေနဲ့ သတိချပ်သင့်တယ်လို့ ရုရှားအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂျီရှိုင်ဂူကသတိပေးလိုက်ပါတယ်။

ဒါတင်မကသေးပါဘူး။ အနောက်နိုင်ငံများအနေနဲ့လည်း ရုရှားနိုင်ငံရဲ့နျူကလီးယားလက်နက်အသုံးပြုမှုဆိုင်ရာ မူဝါဒအသစ်ကို ဂရုတစိုက်လေ့လာမှုတွေလုပ်ဆောင်သင့်တယ်လို့ ဆာဂျီရှိုင်ဂူကအကြံပေးထားပါတယ်။

ရုရှားသမ္မတဗလာဒီမာပူတင်က ဘယ်လိုအခြေအနေမျိုးတွေမှာ ရုရှားနိုင်ငံက နျူကလီးယားလက်နက်များကို အသုံးပြုခွင့်ရှိတယ်ဆိုတာနဲ့ပတ်သက်ပြီး ပြဌာန်း ထားတဲ့နျူကလီးယားလက်နက်အသုံးပြုမှုဆိုင်ရာမူဝါဒကို ပြီးခဲ့တဲ့သီတင်းပတ်မှာ အတည်ပြုလက်မှတ်ထိုးလိုက်တာပါ။

ဒါကြောင့် အသစ်ပြဌာန်းလိုက်တဲ့မူဝါဒအရဆိုရင် ရုရှားနိုင်ငံရဲ့မဟာမိတ်နိုင်ငံများကလည်း ရုရှားရဲ့နျူကလီးယားထီးရိပ်အောက်ကိုရောက်ရှိသွားပြီဖြစ်တယ်လို့ ဆာဂျီရှိုင်ဂူကပြောလာတာပါ။ အဲဒီနိုင်ငံတွေထဲမှာ စုပေါင်းလုံခြုံရေးသဘောတူစာချုပ်အဖွဲ့ (CSTO) မှအဖွဲ့ဝင်နိုင်ငံများပါဝင်ပါတယ်။

အဲဒီပြဌာန်းချက်ထဲမှာ ရှင်းရှင်းလင်းလင်းတိတိကျကျဖော်ပြထားတဲ့အပိုဒ်တစ်ပိုဒ်ပါဝင်ပါတယ်။ အဲဒီအပိုဒ်ကနေ အဓိကရည်ညွှန်းထားတာက ဘယ်လာရုစ်နိုင်ငံအနေနဲ့ ရုရှားနိုင်ငံနည်းတူ ကာကွယ်မှုရရှိမယ်လို့ပြောထားတာဖြစ်ပါတယ်။

Ref: RT

K.H



# အမေရိကန်အစိုးရက ယူကရိန်းနိုင်ငံကို နျူကလီးယားလက်နက်များတပ်ဆင်ပေးရန် အစီအစဉ်မရှိဟုဆို



ဝါရှင်တန်ဒီစီ၊ စစ်ရေး

အမေရိကန်အစိုးရက ယူကရိန်းနိုင်ငံကိုနျူကလီးယားလက်နက်များတပ်ဆင်ပေးရန် စီစဉ်နေခြင်းမရှိကြောင်း အိမ်ဖြူတော်မှတာဝန်ရှိသူတစ်ဦးရဲ့ပြောဆိုချက်ကိုကိုးကားပြီး News Week သတင်းဌာနကဖော်ပြထားပါတယ်။

အမေရိကန်နိုင်ငံက ယူကရိန်းနိုင်ငံကိုနျူကလီးယားလက်နက်များထောက်ပံ့ပေးလာနိုင်တဲ့ ဘယ်လိုခြိမ်းခြောက်မှုမျိုးကိုမဆို ရုရှားနဲ့စစ်ဖြစ်ဖို့အတွက် ကြိုတင်ပြင်ဆင်ခြင်းအဖြစ် မှတ်ယူသွားမယ်လို့ ရုရှားသမ္မတဟောင်း ဒီမီထရီမက်ဗီဒက်ကမှတ်ချက်ပြုပြောပြီးနောက် အိမ်ဖြူတော်မှတာဝန်ရှိသူတစ်ဦးက အခုလိုမျိုးပြောလာတာဖြစ်ပါတယ်။

ယူကရိန်းနိုင်ငံက နျူကလီးယားလက်နက်များရရှိစေရေးအတွက် အမေရိကန်မှာဆွေးနွေးမှုတွေလုပ်နေတယ်ဆိုတဲ့သတင်းထွက်ပေါ်လာပြီးနောက်မှာ ရုရှားလုံခြုံရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒီမီထရီမက်ဗီဒက်ကသတိပေးလာတာပါ။

လက်ရှိမှာ အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံနဲ့ ပြင်သစ်နိုင်ငံတို့က ယူကရိန်းကိုသူတို့ရဲ့တာဝေးပစ်လက်နက်တွေနဲ့ ရုရှားနိုင်ငံအတွင်းပိုင်းထဲအထိ ပစ်ခတ်တိုက်ခိုက်ခွင့်ပြုထားတာကြောင့် ရုရှား-ယူကရိန်းပဋိပက္ခဟာ နျူကလီးယားစစ်ပွဲဖြစ်ပွားလာနိုင်တဲ့အထိ တင်းမာမှုမြင့်တက်လာတာကိုတွေ့ရပါတယ်။

Ref: RT

K.H

# ရုရှားနှင့်ယူကရိန်းအပစ်အခတ်ရပ်စဲရေးကို ထရမ့်တွန်းအားပေးမည်

ဝါရှင်တန်ဒီစီ၊ ငြိမ်းချမ်းရေး

အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်က ရုရှားနဲ့ယူကရိန်းတို့ကြားမှာ ဖြစ်ပွားနေတဲ့ပဋိပက္ခတွေ ချုပ်ငြိမ်းသွားရေးကို ဦးစားပေးဆောင်ရွက်သွားမယ်ဆိုပြီးပြောထားပါတယ်။

ဒါပေမဲ့ သူတို့နှစ်နိုင်ငံကြားငြိမ်းချမ်းရေးဆွေးနွေးပွဲမစတင်နိုင်မီမှာ အပစ်အခတ်ရပ်စဲရေးကို တွန်းအားပေးလုပ်ဆောင်သွားမယ်လို့ ပြည်တွင်းသတင်းဌာနတစ်ခုကဖော်ပြထားပါတယ်။

ရုရှားနဲ့ယူကရိန်းပဋိပက္ခကို ၂၄ နာရီအတွင်းဖြေရှင်းမယ်ဆိုပြီးကတိပြုထားတဲ့ သမ္မတလောင်းဒေါ်နယ်ထရမ့်က ကိပ်ကဲလော့ကိုအထူးသံတမန် အဖြစ်ရွေးချယ်ထားပါတယ်။

သူ့ရဲ့သဘောထားကတော့ နှစ်နိုင်ငံကြားတိုက်ခိုက်မှုတွေ ဖြစ်နေတာကို ရပ်တန့်ထားရမှာဖြစ်သလို ယူကရိန်းနိုင်ငံက NATO အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေးကြိုးပမ်းမှုကိုလည်း ဆိုင်းငံ့ထားရမှာဖြစ်တယ်လို့ ဆိုထားသူပါ။

ဒ့ါအပြင် အမျိုးသားလုံခြုံရေးအကြံပေးအဖြစ်ရွေးချယ်ခံထားရတဲ့ ရစ်ချတ်ဂရီနဲကလည်း ရုရှားနဲ့ယူကရိန်းနိုင်ငံတို့ကြားမှာ ပဋိပက္ခများပြေလည်သွားစေဖို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများဖန်တီးရေးကို တိုက်တွန်းထားတာရှိပါတယ်။

Ref: RT

K.H

# ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပြည်နယ်ခုနစ်ခုတွင် ရေကြီးမှုများဖြစ်ပွား အိမ်ထောင်စု ၁၃၆၀၀၀ ကျော် ရေဘေးဒုက္ခသင့်

**ဘန်ကောက်၊ သဘာဝဘေး**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ပြည်နယ်ခုနစ်ခုတွင် ရေကြီးမှုများဖြစ်ပွားရာ အိမ်ထောင်စု ၁၃၆၀၀၀ ကျော်မှာ ရေဘေးဒုက္ခသင့်ကြောင်း သဘာဝဘေးကာကွယ်ရေးနှင့် လျော့ပါးရေးဌာနက နိုဝင်ဘာလ ၂၈ ရက်တွင်ထုတ်ပြန်ထားသည်။

ယခုလအစောပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ပြည်နယ်ခုနစ်ခု၊ ခရိုင် ၅၀ နှင့် ကျေးရွာပေါင်း ၁၈၈၄ ရွာတို့တွင် ရေကြီးမှုများဖြစ်ပွားခြင်းဖြစ်ပြီး ယခုအချိန်အထိ ထိုဒေသများတွင် ရေများတင်ကျန်နေဆဲဖြစ်ကြောင်း ထုတ်ပြန်ချက်၌ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် အဆိုပါသဘာဝဘေးကြောင့် သေဆုံးသူတစ်ဦးရှိပြီး ထောင်ပေါင်းများစွာမှာ ဘေးကင်းရာသို့ရွှေ့ပြောင်းရကာ လာမည့်ရက်များအတွင်း မိုးသည်းထန်စွာဆက်လက်ရွာသွန်းမည်ဟု တာဝန်ရှိသူများကပြောသည်။

သေဆုံးသူတစ်ဦးမှာ နာရာသီဝပ်ပြည်နယ်မှ ကျောင်းသားတစ်ဦးဖြစ်ကြောင်းနှင့် ရက်ရှည်မိုးရွာသွန်းမှုများကြောင့် စာသင်ကျောင်းပေါင်း ၆၅ ကျောင်းကိုလည်း ခေတ္တပိတ်ထားရကြောင်း သဘာဝဘေးကာကွယ်ရေးနှင့်လျော့ပါးရေးဌာနမှူးက ပြောထားသည်။

အလားတူ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများကြောင့် မီးရထားလမ်းများမှာလည်း ရေလွှမ်းမိုးခံရသည့်အတွက် မီးရထားခရီးစဉ်များကိုဆိုင်းငံ့ထားသည်။

၂၀၁၁ ခုနှစ်တွင် ထိုင်းနိုင်ငံတစ်ဝန်း၌ ရေကြီးမှုများဖြစ်ပွားရာ လူပေါင်း ၅၀၀ ကျော်သေဆုံးပြီး အိမ်ခြေသန်းပေါင်းများစွာ ထိခိုက်ပျက်စီးမှုများရှိခဲ့သည်ဟု တာဝန်ရှိသူများကပြောသည်။ **Ref: BP, NT**



# အစ္စလာမ်မစ်စစ်သွေးကြွများက ဆီးရီးယား၌တိုက်ခိုက်မှုကြီးများပြုလုပ်

**အလက်ပို၊ စစ်ရေး**

အစ္စလာမ်မစ်စစ်သွေးကြွများက ဆီးရီးယားနိုင်ငံ အလက်ပိုမြို့နှင့် အိုင်ဒလစ်မြို့တို့တွင် တိုက်ခိုက်မှုကြီးများလုပ်ဆောင်ကြောင်းနှင့် ထိုသို့သောတိုက်ခိုက်မှုများသည် နှစ်များစွာအတွင်းပထမဆုံးအကြိမ်ဖြစ်ကြောင်း SANA သတင်းဌာနက ဖော်ပြထားသည်။

ယခင်က ဂျက်ဘဟတ်အယ်နူဆရာတပ်ဖွဲ့ဖြစ်သည့် ဟာယတ်တာရီယာအယ်ရှမ်း(HTS) အကြမ်းဖက်အဖွဲ့က နိုဝင်ဘာလ၂၇ ရက်တွင် တိုက်ခိုက်မှုကြီးကိုလုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် လက်ရှိအချိန်အထိ တိုက်ခိုက်မှုမှာဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း သတင်းဌာန၏ နိုဝင်ဘာလ ၂၈ ရက်ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုအစ္စလာမ်မစ်စစ်သွေးကြွအဖွဲ့သည် ဆီးရီးယားတပ်မတော်အုပ်ချုပ်မှုအောက်ရှိ ဒေသ ၁၀ သို့ဝင်ရောက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းဖြစ်ပြီး နှစ်ဖက်စလုံးမှ တပ်ဖွဲ့ဝင်အများအပြား သေဆုံးထားကြောင်း ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာလေ့လာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ဆီးရီးယား၊ ရုရှားနှင့် အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားက အဆိုပါ HTS အဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ်သတ်မှတ်ထားကြောင်းသိရသည်။ **Ref: RT**



# ဟားမက်အဖွဲ့က အစ္စရေးနှင့်အပစ်အခတ်ရပ်စဲရေးအတွက် အသင့်ရှိဟုဆို

**ဂါဇာ၊ ငြိမ်းချမ်းရေး**

ပါလက်စတိုင်းစစ်ရေးလှုပ်ရှားမှုအဖွဲ့အစည်းဖြစ်သည့် ဟားမက်အဖွဲ့က အစ္စရေးနှင့်အပစ်အခတ်ရပ်စဲရေးအတွက်ဆွေးနွေးရန်အသင့်ရှိကြောင်း နိုင်ငံတကာမှစေ့စပ်ညှိနှိုင်းသူများကိုပြောသည်ဟု သိရသည်။

အမေရိကန်၏ကြားဝင်စေ့စပ်ပေးမှုဖြင့် အစ္စရေးနှင့်ဟစ်ဇဘိုလာတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီးနောက် ဟားမက်အဖွဲ့က ယခုကဲ့သို့ ပြောလာခြင်းဖြစ်သည်။

ဟစ်ဇဘိုလာတို့အနေဖြင့် အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိနိုင်ခဲ့မှုအပေါ် အသိအမှတ်ပြုတန်ဖိုးထားကြောင်း၊ ထိုသဘောတူညီချက်က ဂါဇာပြည်သူများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်နေသည့် စစ်ပွဲကို အဆုံးသတ်စေရေးအတွက် သဘောတူညီချက်ကိုရရှိစေမည်ဟု မျှော်လင့်ကြောင်းနှင့် ဂါဇာတွင်စစ်ပွဲများရပ်တန့်စေရေးအတွက် သဘောတူညီချက်ရရှိမည့်အခြေအနေကို စိတ်ဝင်စားနေဆဲဖြစ်ကြောင်း ဟားမက်တာဝန်ရှိသူတစ်ဦးကပြောထားသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

### မြောက်ကိုရီးယားနှင့်တိုက်ရိုက်ဆွေးနွေးရန် ထရမ့်၏အဖွဲ့ကချိန်ဆနေ

အမေရိကန်သမ္မတလောင်း ဒေါ်နယ် ထရမ့်၏အဖွဲ့က မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအွန်နှင့် တိုက်ရိုက်ဆွေးနွေးမှုများလုပ်ဆောင်ရန် ချိန်ဆနေကြောင်း သတင်းအရင်းအမြစ်များကပြောသည်။

ယခုကဲ့သို့ဆွေးနွေးရန်စဉ်းစားခြင်းက ကိုရီးယားကျွန်းဆွယ်ဒေသ၌ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားလာနိုင်ခြေကို လျှော့ချရန်ဖြစ်ကြောင်းနှင့် ကနဦးရည်မှန်းချက်မှာ အမေရိကန်နှင့်မြောက်ကိုရီးယားနိုင်ငံတို့ကြား အခြေခံဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန်ဖြစ်ကြောင်း ထိုကိစ္စနှင့်နီးစပ်သူများက ပြောထားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် တင်းမာမှုများမြင့်တက်စေရန်လုပ်ဆောင်လျက်ရှိကာ ရန်စမှုများကိုဆောင်ရွက်လာကြောင်း၊ ယင်းသို့အားဖြင့် အမေရိကန်က နျူကလီးယားစစ်ပွဲဖြစ်ပွားနိုင်ခြေကို မြင့်တင်နေကြောင်း မြောက်ကိုရီးယားက ယခုလအတွင်းပြောထားသည်။ ထရမ့်နှင့် ကင်ဂျုံအွန်တို့က ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း သုံးကြိမ်တွေ့ဆုံထားကြောင်း သိရသည်။ **Ref: RT**

### ဟစ်ဇဘိုလာနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အစ္စရေးဘက်ကစတင်ချိုးဖောက်

လက်ဘနွန်နိုင်ငံရှိ ဟစ်ဇဘိုလာအဖွဲ့နှင့် ရရှိထားသောအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အစ္စရေးဘက်က စတင်ချိုးဖောက်လိုက်ကြောင်းသိရသည်။

အစ္စရေးတင့်တစ်စီးသည် နိုဝင်ဘာလ ၂၈ ရက်တွင်လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ သံသယဖြစ်ဖွယ်နေရာခြောက်ခုကို ပစ်ခတ်ခြင်းအားဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်လိုက်ခြင်းဖြစ်သည်။

ဟစ်ဇဘိုလာအဖွဲ့နှင့် အစ္စရေးတို့သည် နိုဝင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင်မှ နှစ်ဖက်အဖွဲ့ကြား ရက်ပေါင်း ၆၀ ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အမေရိကန်အစိုးရ၏ကြားဝင်စေ့စပ်ပေးမှုဖြင့်ရရှိထားခြင်းဖြစ်သည်။

ထိုနှစ်ဖွဲ့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီး နာရီပိုင်းအတွင်းမှာပင် ဟစ်ဇဘိုလာတပ်ဖွဲ့ဝင်လေးဦးကို လက်ဘနွန်-အစ္စရေးနယ်စပ်မှဖမ်းဆီးရမိထားကြောင်း အစ္စရေးဘက်ကပြောထားသည်။ **Ref: Sky**

### အင်ဒိုနီးရှားရှိ မြောက်ဆူမားတြား၌ ရေကြီးမြေပြိုမှု သေဆုံးသူ ၂၇ ဦးအထိမြင့်တက်လာ

အင်ဒိုနီးရှားနိုင်ငံရှိမြောက်ဆူမားတြားပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားရာ သေဆုံးသူ ၂၇ ဦးအထိမြင့်တက်လာပြီဖြစ်ကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာလ ၂၈ ရက်တွင်ပြောသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း မြောက်ဆူမားတြားပြည်နယ်ရှိ ခရိုင်လေးခု၌ ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွားသည့်အတွက် အနည်းဆုံးလူ ၂၀ သေဆုံးထားသည်။ ထို့နောက် ဆမ်ဘာဟီကျေးရွာ၌ မြေပြိုမှုဖြစ်ပွားရာ နောက်ထပ်လူခုနစ်ဦးသေဆုံးသောကြောင့် နိုဝင်ဘာလ ၂၈ ရက်အရောက်တွင် သေဆုံးသူ ၂၇ ဦးအထိ မြင့်တက်လာခြင်းဖြစ်သည်ဟု တာဝန်ရှိသူကဆက်ပြောသည်။

မြေပြိုမှုကြောင့်သေဆုံးသူခုနစ်ဦးမှာ ဘတ်စကားတစ်စီးဖြင့်ခရီးသွားနေစဉ် မြေပြိုမှုနှင့်ကြုံတွေ့ရခြင်းဖြစ်ပြီး သေဆုံးသူများကို ရွှံ့နွံများကြားမှဆွဲထုတ်ရသည်ဟု အဆိုပါတာဝန်ရှိသူများကပြောထားကြောင်းသိရသည်။ **Ref: RT**

### စစ်လက်နက်များရောင်းချပေးရန် ယူကရိန်းတောင်းဆိုမှု တောင်ကိုရီးယားအစိုးရငြင်းဆို

ယူကရိန်းနိုင်ငံမှ ကာကွယ်ရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံသို့ရောက်ရှိလာပြီး ထိုနိုင်ငံမှစစ်လက်နက်ပစ္စည်းများရောင်းချပေးရန် တောင်းဆိုသည့်အပေါ် တောင်ကိုရီးယားအစိုးရက ငြင်းဆိုလိုက်ကြောင်း SBS သတင်းဌာနက နိုဝင်ဘာလ ၂၈ ရက်တွင်ဖော်ပြထားသည်။

ယူကရိန်းကိုယ်စားလှယ်အဖွဲ့သည် တောင်ကိုရီးယားသမ္မတ၊ ကာကွယ်ရေးဝန်ကြီးတို့နှင့်တွေ့ဆုံ၍ တောင်ကိုရီးယားနိုင်ငံမှ ချောင်ဂန်းတာလတ်လေကြောင်းရန်ကာကွယ်ရေးစနစ်၊ မြေပြင်အခြေစိုက်လေကြောင်းရန်ကာကွယ်ရေးရေဒါများနှင့် တန်ပြန်အမြောက်ရေဒါများရောင်းချပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

သို့သော် တောင်ကိုရီးယားအစိုးရက ပြဋ္ဌာန်းထားသည့် စစ်ပွဲဖြစ်ပွားရာနေရာများသို့ လက်နက်များတင်ပို့ရောင်းချမှုကို တားမြစ်သော ပြင်ပကုန်သွယ်ရေးဥပဒေများအရ ယူကရိန်း၏တောင်းဆိုမှုကို ငြင်းပယ်ရခြင်းဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောထားသည်။ **Ref: EMP**

# သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုမရှိသေး၍ ယခုဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းမှ ဒီဘရိုင်းထွက်ခွာဖွယ်ရှိ

မန်ချက်စတာ နိုဝင်ဘာ ၂၈

မန်စီးတီးအသင်းက ကွင်းလယ်ကစားသမား ဒီဘရိုင်းကို သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုမရှိသေး၍ ယခုဘောလုံးရာသီအကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ဒီဘရိုင်းသည် ၂၀၁၅ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် မန်စီးတီးအသင်း ဥရောပ ထိပ်တန်းအသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ကာလရှည်ပါဝင်နိုင်ခဲ့သူဖြစ်သည်။

ဒီဘရိုင်းသည် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး မန်စီးတီးအသင်း ချန်ပီယံဆုဖလားများ ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် ဒဏ်ရာပြဿနာများကြောင့် မကြာခဏအနားယူခဲ့ရသဖြင့် မန်စီးတီးအသင်းက သက်တမ်းတိုးစာချုပ်အတွက် မကမ်းလှမ်းသေးခြင်းဖြစ်သည်။

ဒီဘရိုင်းကိုယ်တိုင်ကလည်း မန်စီးတီးအသင်းက ယခုဘောလုံးရာသီအစပိုင်းက သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုလုပ်ဆောင်ရန် အစီအစဉ်ရှိခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီး ရက်သတ္တပါစ်ပတ်ခန့် အနားယူခဲ့ပြီးနောက် သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုကို ရပ်တန့်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

*Ref;Fabrizio Romano*



# မန်ယူအသင်းတွင်ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရပြီး အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်ကို ပီအက်စ်ဂျီအသင်းက ခေါ်ယူရန်စီစဉ်

ပဲရစ် နိုဝင်ဘာ ၂၈

ပီအက်စ်ဂျီအသင်းက မန်ယူအသင်းတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရပြီး အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမား ရက်ရှ်ဖို့ဒ်ကို ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အသင်းမှ အဓိက တိုက်စစ်ကစားသမား အမ်ဘာပီထွက်ခွာပြီးနောက် ၎င်း၏နေရာ၌ ထိပ်တန်းကစားသမားခေါ်ယူမှု လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိသည့်အတွက် လာမည့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလ သို့မဟုတ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန် စီစဉ်လျက်ရှိသည်။

ပီအက်စ်ဂျီအသင်းသည် အသင်းတိုက်စစ်ပိုင်းတွင် ဖရန့်ဖတ်အသင်းမှ ခေါ်ယူထားသည့် မူအာနီ၏ ခြေစွမ်းပိုင်းကို ကြိုက်နှစ်သက်ခြင်းမရှိသည့်အတွက် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရာသီဝက်အငှားစာချုပ် သို့မဟုတ် အပြီးသတ်စာချုပ်ဖြင့် ရောင်းချရန်ပြင်ဆင်နေပြီး ရက်ရှ်ဖို့ဒ်ကို ပြန်လည်ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း နည်းပြတင်ဟတ်လက်အောက်တွင် ပုံမှန်ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အပြင် နည်းပြသစ်အမိုရင်လက်အောက်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် အနာဂတ်မရေမရာဖြစ်နေပြီး ရက်ရှ်ဖို့ဒ်အတွက် သင့်လျော်သည့်ကမ်းလှမ်းမှုရရှိပါက မန်ယူအသင်းက ရောင်းချရန်ပြင်ဆင်နေသည့်အတွက် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

*Ref;Goal.com*

# ၂၀၂၄ ခုနှစ်အတွက် Golden Boy Award ဆုကို ဘာစီလိုနာအသင်း လူငယ်ကစားသမားယာမယ် ဆွတ်ခူး



ဘာစီလိုနာ နိုဝင်ဘာ ၂၈

အီတလီနိုင်ငံအခြေစိုက် အားကစားသတင်းမီဒီယာဖြစ်သည့် Tuttosport က ကမကထပြုလုပ်ကာ စိစစ်ရွေးချယ်ပေးအပ်သော ၂၀၂၄ ခုနှစ်အတွက် Golden Boy Award ဆုကို ဘာစီလိုနာအသင်း လူငယ်ကစားသမားယာမယ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Tuttosport က အဆိုပါဆုကို ၂၀၀၃ ခုနှစ်မှစ၍ အသက် ၂၁ နှစ်အောက်ကစားသမားများထဲမှ စိစစ်ပြီး ရွေးချယ်ပေးအပ်ခြင်းဖြစ်ကာ ပထမဆုံးပေးအပ်ခဲ့သည့်နှစ်တွင် အေဂျက်စ်အသင်းကစားသမားဟောင်း ဗန်ဒါဗက်ချ်ကဆွတ်ခူးနိုင်ခဲ့ပြီး အဆိုပါဆုကို ဘောလုံးလောကတွင် ကျော်ကြားသည့်ကစားသမားများဖြစ်သည့် ရွန်းနီ၊ မက်ဆီ၊ ဖာဗရီဂတ်၊ အဂွေရို စသည့်ကစားသမားများအပြင် အာဂွေရို၊ ပေါ့ဂ်ဘာ၊ စတာလင်၊ ဂရေ့ဇ်၊ ဂျာအိုဖီးလစ်၊ ဒီလစ်၊ အမ်ဘာပီ၊ ဟာလန်း စသည့် ထိပ်တန်းကစားသမားများကလည်း ဆွတ်ခူးနိုင်ခဲ့ကြသည်။

Golden Boy Award ဆုကို ဘာစီလိုနာအသင်းတွင် ယာမယ်မတိုင်မီ ၂၀၂၁ ခုနှစ်က ပက်ဒရီ၊ ၂၀၂၂ ခုနှစ်က ဂါဗီတို့ဆွတ်ခူးခဲ့ပြီး ၂၀၂၃ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်က ဆွတ်ခူးခဲ့ကာ ယခုအခါ ယာမယ်က မန်ယူအသင်းမှ ကစားသမားများဖြစ်သည့် ကိုဘီမိုင်နူးနှင့် ဂါနာချိုတို့ကိုကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၁၇ နှစ်အရွယ် ယာမယ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြနိုင်ခဲ့ပြီး အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သကဲ့သို့ စပိန်အသင်း ယူရို ၂၀၂၄ ဖလားဆွတ်ခူးနိုင်ခဲ့ရာတွင်လည်း အဓိက ကစားသမားအဖြစ်ပါဝင်ပြီးနောက် Golden Boy Award ဆုကို ဆွတ်ခူးနိုင်ခဲ့ကာ ဘာစီလိုနာအသင်းတွင် Golden Boy Award ဆုဆွတ်ခူးနိုင်ခဲ့သည့်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ယာမယ်သည် Golden Boy Award ဆုအပြင် ဥရောပ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုဖြစ်သည့် Kopa Trophy ဆုတို့ကိုလည်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# အင်တာမိုင်ယာမီအသင်းက တိုက်စစ်ကစားသမားဆွာရက်ဇ်ကို တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို

မိုင်ယာမီ နိုဝင်ဘာ ၂၈

အင်တာမိုင်ယာမီအသင်းက တိုက်စစ်ကစားသမား ဆွာရက်ဇ်ကို တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၃၇ နှစ်အရွယ် ဆွာရက်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂရီမီယိုအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ဘာစီလိုနာအသင်းမှ အသင်းဖော်ဟောင်းများရှိနေသည့် အင်တာမိုင်ယာမီအသင်းသို့ တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ၃၇ ပွဲပါဝင်ကစားခဲ့ကာ ၂၅ ဂိုးသွင်းယူနိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ဆွာရက်ဇ်သည်ပြီးခဲ့သည့်ဘောလုံးရာသီက မေဂျာလိဂ်ပြိုင်ပွဲ (အရှေ့ပိုင်းဇုန်) တွင် သွင်းဂိုး ၂၀ ဂိုးသွင်းယူနိုင်ပြီးနောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ဘန်တီကီ၏နောက် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

အင်တာမိုင်ယာမီအသင်းကလည်း တိုက်စစ်ကစားသမားတစ်ဦးကို လက်မလွှတ်လိုသေးသည့်အတွက် နောက်ထပ်တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ရာသီပိတ်နောက်ဆုံးပွဲစဉ်တွင် University အသင်းက ရာမညယူနိုက်တက်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲ ရာသီပိတ်နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ University အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ကစားခဲ့ရာ University အသင်းက ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရာမညယူနိုက်တက်အသင်းအတွက် အနိုင်ရရှိမည်ဆိုပါက ချန်ပီယံဆုဆွတ်ခူးနိုင်မည့် အခွင့်အရေးရှိနေသော်လည်း University အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် University အသင်းနှင့်ရမှတ်တူဖြင့် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

အဆိုပါပွဲစဉ်သည် ရာသီပိတ်နောက်ဆုံးပွဲစဉ်ဖြစ်သည့်အပြင် ချန်ပီယံဆုအတွက် ပါအရေးပါသည့် ပွဲစဉ်ဖြစ်သည့်အတွက် အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ပထမပိုင်း ၄၅ မိနစ်ပြည့်ပြီးနောက် နာကျင်အချိန်ပို ၁ မိနစ်တွင် အောင်မြင့်မြတ်က University အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် University အသင်းက ၁ ဂိုး ဂိုးမရှိဖြင့်ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးနှင့် အနိုင်ဂိုးများလိုအပ်နေသည့် ရာမညယူနိုက်တက်အသင်းက ပြန်လည်ဖိအားပေးကစားခဲ့သော်လည်း University အသင်းက အမှားအယွင်းမရှိ အနိုင်ရလဒ်ကိုထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် University အသင်းက ရာမညယူနိုက်တက်အသင်းကို အောင်မြင့်မြတ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲပြီးဆုံးချိန်တွင် ချင်းလန်းအသင်းက အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်ခဲ့ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး လာမည့်ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

# သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၏ (၈)ကြိမ်မြောက် အခမဲ့မျက်စိအလင်း အလှူတွင် မျက်စိဝေဒနာရှင်လူနာ ၄၀ ကျော်ကို လေဆာဖြင့်ကုသပေးနိုင်ခဲ့



ရန်ကုန် နိုဝင်ဘာ ၂၈

သီတဂူစက္ခုဒါနဆေးရုံ (ရန်ကုန်)၏ (၈)ကြိမ်မြောက် အခမဲ့မျက်စိအလင်းအလှူအဖြစ် နိုဝင်ဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ မျက်စိဝေဒနာရှင်၂၂၅၈ ဦးအား စမ်းသပ်စစ်ဆေးပေးခဲ့ပြီး ၅၂၀ ဦးအား ခွဲစိတ်ကုသအလင်းရောင်ပေးလှူခဲ့ကာ ၄၇ ဦးကိုလည်း လေဆာဖြင့်ကုသမှုဆောင်ရွက်ပေးခဲ့ကြောင်း သီတဂူစက္ခုဒါနဆေးရုံကြီးမှ သိရသည်။

သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြု၊ အကူသူနာပြု၊ ကြက်ခြေနီအဖွဲ့နှင့် အလှူရှင်တို့၏ပူးပေါင်းပါဝင်ကုသိုလ်ပြုခြင်းဖြင့် (၈)ကြိမ်အထိ အောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သည်။ မျက်စိခွဲစိတ်ကုသမှုခံယူပြီးသူများအား ဒီဇင်ဘာလ ၁ ရက် နံနက် ၆ နာရီခွဲမှစ၍ မျက်စိပါရဂူဆရာဝန်ကြီးများက ပြန်လည်ကြည့်ရှုစစ်ဆေးပေးမည်ဖြစ်သည်။

ယခုအကြိမ်အပါအဝင် စုစုပေါင်း (၈)ကြိမ်တွင် မျက်စိဝေဒနာရှင် ၁၀၈၅၉ ဦးအား စမ်းသပ်ပေးခြင်း၊ ၃၁၅၇ ဦးကို ခွဲစိတ်ကုသခြင်းနှင့် ၂၁၅ ဦးကို လေဆာဖြင့်ကုသမှုပေးခဲ့ပြီး လှူနာအသစ်များမှာ (၁၀) ကြိမ်မြောက် မျက်စိအလှူတွင်သာ ပါဝင်နိုင်မည်ဖြစ်၍ အသစ်ခေါ်မည့်ရက်ကို ကြေညာပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**MT**

# ဒက္ခိဏသီရိမြို့နယ်၌ ဆီထွက်သီးနှံ နေကြာစိုက်သမဝါယမအသင်းသားတောင်သူများအား စိုက်ပျိုးရေးနည်းပညာရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းစံပြကျေးရွာ၌ စပါး၊ ဝါနှင့်နေကြာများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် ထားရှိရမည့် စာရင်းဇယားပုံစံများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ညောင်ကုန်းစံပြကျေးရွာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ ရွှေနေကြာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးဝင်းဘိုက မိမိ၏နေကြာစိုက်ခင်းမှာ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးမှုကြောင့် နေကြာတစ်ဧကလျှင် အစို ၇၂ တင်းထွက်ရှိခဲ့ကြောင်းနှင့်နေပြည်တော်အတွင်းရှိနေကြာစိုက်တောင်သူများအား စိုက်ပျိုးဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်ရန်အရေးကြီးကြောင်း ရှင်းလင်းဆွေးနွေးပြီးနောက် တက်ရောက်လာသော နေကြာစိုက်တောင်သူများက သိလိုသည်များမေးမြန်းခြင်း၊ အတွေ့အကြုံများ ဆွေးနွေးဖလှယ်ခြင်းများပြုလုပ်ကြသည်။

ဆွေးနွေးပွဲသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သီသီမြတ်၊ နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးနှင့်တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ နေပြည်တော်အတွင်းရှိ နေကြာစိုက်သမဝါယမအသင်း ၄၈ သင်းမှ နေကြာစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး U -21 ( အမျိုးသား ) ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာလ ၂ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည်

နေပြည်တော် နိုဝင်ဘာ ၂၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ အားကစားနည်းအလိုက် အားကစားပြိုင်ပွဲများတွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်းလေးနည်းတို့ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး U –21 ( အမျိုးသား ) ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာလ ၂ ရက်တွင် အုပ်စုပတ်လည်ပြိုင်ပွဲများ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြည်နယ်နှင့်တိုင်းဒေသကြီး U – 21( အမျိုးသား ) ဘောလုံးပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ လေးသင်းသုံးအုပ်စုနှင့်သုံးသင်းတစ်အုပ်စု စုစုပေါင်း ၁၅ သင်းတို့မှ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘောလုံးလေ့ကျင့်ရေးကွင်းနှင့် လယ်ဝေးတို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပြည်နယ်နှင့်တိုင်းဒေသကြီး U –21( အမျိုးသား ) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် အဖွင့်ပွဲစဉ်အဖြစ် ဒီဇင်ဘာလ ၂ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘောလုံးလေ့ကျင့်ရေးကွင်း (၃) ၌ ပဲခူးတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘောလုံးလေ့ကျင့်ရေးကွင်း (၄)၌ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။ **ကျော်လွင်(မြဝတီ)**

# လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

နေပြည်တော်ကောင်စီနယ်မြေတပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ လူကုန်ကူးမှုအန္တရာယ်များ ပိုမိုသိရှိစေရန်ရည်ရွယ်ပြီး အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ ဦးဆောင်၍ လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၂၇ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ ရဲအုပ်ဝေဖြိုးဦးက လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုတို့၏ ကွဲပြားခြားနားချက်များ၊ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာမှ ကြုံတွေ့နိုင်မည့်အခက်အခဲများ၊ ဆောင်ရန်ရှောင်ရန် အချက်များ၊ အရှေ့တောင်အာရှဒေသအတွင်း လတ်တလောဖြစ်ပွားနေသည့် Online မှ လူကုန်ကူးမှု ကျူးလွန်ပုံ၊ ကျူးလွန်နည်းနှင့် ဆက်သွယ်ဆောင်ရွက်နေမှုများ၊ လူကုန်ကူးမှုဖြစ်စဉ်များနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးသူ လူပွဲစားများ၏ စည်းရုံးပုံများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာကြသူများကို လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **(၄၁၃)**

# (၆)ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် စီအယ်လ်အမ်ဗွီ (CLMV) နှင့် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို နိုဝင်ဘာလ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် (၆) ကြိမ်မြောက် အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ၊ သတင်းအချက်အလက်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Ms. Darany Phommavongsa က အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံ ကူမင်းမြို့၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်က ကျင်းပခဲ့သည့် အက်ခ်မက်ထိပ်သီးအစည်းအဝေးမှ အက်ခ်မက်ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနိုင်ငံခရီးစဉ်တစ်ခုအပါအဝင် ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး၊ အက်ခ်မက်ခရီးသွားလုပ်ငန်းအမှတ်တံဆိပ်အား မြန်မာနိုင်ငံမှ အသုံးပြုမှုနှင့် အဖွဲ့ဝင်နိုင်ငံများအားလုံး ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုစေရေး၊ အက်ခ်မက်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ၂၀၂၃-၂၀၂၅ အရ မြန်မာနိုင်ငံဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် SOP များ ရေးဆွဲဆောင်ရွက်မှု၊ ခရီးသွားဧည့်သည်များအတွက် ဆိုက်ရောက်ဗီဇာခွင့်ပြုပေးမှု၊ အစည်းအဝေးမှထုတ်ပြန်သွားမည့်(၆)ကြိမ်မြောက် အက်ခ်မက်(ACMECS)ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံမှ ထည့်သွင်းဖော်ပြစေလိုသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် (၆)ကြိမ်မြောက် အက်ခ်မက် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့်အပေါ် အတည်ပြုချက်များကို ဆွေးနွေးသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၆)ကြိမ်မြောက်အက်ခ်မက်ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး သတင်းစာရှင်းလင်းပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး အစည်းအဝေးတက်ရောက်ကြသည့် စီအယ်လ်အမ်ဗွီနှင့် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များနှင့်အတူ ယဉ်ကျေးမှုပြတိုက်၊ ဗိုလ်ချုပ်ဈေး၊ မဟာဗန္ဓုလပန်းခြံနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စီအယ်လ်အမ်ဗွီနှင့် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် လက်ခံတွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ်ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန် ၂၉ ဇုန်နှင့် သီလဝါအထူးစီးပွားရေးဇုန်တို့တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ဘာသာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ လန်ချန်း-မဲခေါင်ကဏ္ဍ၊ ရန်ကုန်-ယူနန်ဆက်ဆံရေးကဏ္ဍ၊ တရုတ်-မြန်မာညီအစ်မမြို့တော်ထူထောင်ခြင်းကဏ္ဍများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ၊ ယခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏သံတမန်ချစ်ကြည်ရေးထူထောင်သည့် (၇၄)နှစ်မြောက်ဖြစ်ကြောင်းနှင့် လာမည့်နှစ်တွင် (၇၅)နှစ်မြောက် စိန်ရတုရောက်ရှိတော့မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရင်းနှီးစွာဆွေးနွေးခဲ့ကြပြီး အပြန်အလှန်လက်ဆောင်ပစ္စည်းများပေးအပ်ကြကာ စုပေါင်းမှတ်တမ်းဓာတ်ပုံများရိုက်ကူးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့အား ငွေကျပ် ၂၆၈ ဒသမ ၇၅၂ သန်း ထောက်ပံ့ပေးအပ်

ပဲခူး နိုဝင်ဘာ ၂၈

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ငွေကျပ် ၂၆၈ ဒသမ ၇၅၂ သန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားအား ပဲခူးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများက "လူငယ်စွမ်းရည်"သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုအားကစားအဖွဲ့အား ထောက်ပံ့ငွေကျပ် ၂၆၈ ဒသမ ၇၅၂ သန်း ထောက်ပံ့ပေးအပ်ခဲ့ရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က လက်ခံရယူခဲ့ကြသည်။

ယင်းနောက်ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့အား လက်ဖက်ရည်၊ မုန့်များဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကာ တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် ပဉ္စမကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ပဲခူးတိုင်းဒေသကြီးမှ အားကစားနည်း ၂၄ မျိုးတွင် အားကစားသမား ၅၇၆ ဦးအား နည်းပြအုပ်ချုပ်သူ ၁၂၀ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)



# MMA ၊ BOXING နှင့် KICK BOXING ပွဲစဉ်များ ပါဝင်သည့် 3MA AMATEUR 6 ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ANS ကကြီးမှူးပြုလုပ်မည့် MMA ၊ BOXING နှင့် KICK BOXING ပွဲစဉ်များပါဝင်သော 3MA AMATEUR 6 ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိANS လက်ဝှေ့ရုံသစ်၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်း 3MA AMATEUR 6 ပြိုင်ပွဲတွင် MMA တွဲဆိုင်းလေးဆိုင်း၊ KICK BOXING တွဲဆိုင်းခြောက်ဆိုင်းနှင့် BOXING တွဲဆိုင်းငါးဆိုင်း စုစုပေါင်းတွဲဆိုင်း ၁၅ ဆိုင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး MMA(၆၀-၆၃ Kg) တန်းတွင် ကျော်ဝေယံနှင့်ရိန်းလေး၊ MMA(၆၄-၆၇Kg)တန်းတွင် အောင်ဟိန်းစွမ်းနှင့်မင်းလှမင်းခေါင်၊ MMA (၆၂-၆၅Kg)တန်းတွင်ဆာလောလနှင့်နောနော်LH၊MMA(၅၀-၅၃ Kg)တန်းတွင် ကျားလေးနှင့်လွင်ဖြိုးသန့်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ထို့အတူ KICK BOXING ပြိုင်ပွဲ၏(၇၅-၇၈Kg)တန်းတွင် အဂ္ဂနှင့်နယ်သာလန်နိုင်ငံသား Roy၊ (၆၇-၇၀Kg)တန်းတွင် မုန့်လုံးနှင့်ငရဲ၊ (၅၂-၅၅Kg)တန်းတွင် လားကပေါနှင့်ဟိန်းထွဋ်ကျော်၊ (၆၂-၆၅Kg)တန်းတွင် ခန့်ထူးနိုင်နှင့်တမာကျား၊ (၄၉-၅၂Kg) တန်းတွင် သက်ထားစံနှင့်မေဇွန်လှိုင်၊ Star နှင့် ထက်ပြည့်အောင်တို့ကလည်းကောင်း၊ BOXING ပြိုင်ပွဲ၏(၅၄-၅၇Kg)တန်းတွင် ရှိုင်းငယ်နှင့်ဇော်ဇော်နိုင်၊ (၆၃.၅-၆၇Kg) တန်းတွင် ရဲမင်းထက်နှင့်စိုင်းလိန်ဖ၊ (၈၄-၈၇Kg)တန်းတွင် Cin Za Lian နှင့် ဝေလျှံပြည့်စုံ၊ (၅၇-၆၀Kg)တန်းတွင် ဆလိုင်းနှင့် Boxer Shine၊ (၅၀-၅၃Kg)တန်းတွင် ဒွဲဆန့်နှင့် ချစ်လင်းနိုင်တို့ကလည်းကောင်း အသီးသီးထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာလက်ဝှေ့အားကစားသမားများအား MMA၊ BOXING နှင့် KICK BOXING နေရာများတွင် ခြေဆန့်နိုင်စေရန်ရည်ရွယ်ကာ အဆိုပါ 3MA AMATEUR 6 ပြိုင်ပွဲကို အမှတ်ပေးစနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲရက် ဒီဇင်ဘာလ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကာ SKY NET ရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# ပုဂံဒေသထွက် မြန်မာ့လက်မှုအနုပညာယွန်းထည်ပစ္စည်း ထုတ်လုပ်ရောင်းဝယ်မှုမပြတ်စေရန် ယွန်းလုပ်ငန်းများပုံမှန်လုပ်ကိုင်လျက်ရှိ

ညောင်ဦး နိုဝင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံဒေသထွက် မြန်မာ့လက်မှုအနုပညာ ယွန်းထည်ပစ္စည်းထုတ်လုပ်ရောင်းဝယ်မှုမပြတ်စေရန်နှင့် ယွန်းလုပ်သားများအဆင်ပြေစေရန် ယွန်းလုပ်ငန်းများ ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း ပုဂံမြို့သစ် မြင်းကပါရပ်ရှိ ယွန်းလုပ်ငန်းလုပ်ကိုင်သူများ၏ ပြောပြချက်အရ သိရသည်။



ယွန်းထည်လုပ်ငန်းသည် မြန်မာ့လက်မှုအနုပညာဖြစ်ပြီး အနုစိတ်လုပ်ကိုင်ရသောလုပ်ငန်းဖြစ်ကာ ယွန်းပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော်အနက် ယွန်းလုပ်ငန်းရှင်များအနေဖြင့် ယွန်းလက်ဖက်အစ်၊ ယွန်းဆွမ်းအုပ်များကို အများဆုံးပြုလုပ်ကြသည်။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ်နှောင်းပိုင်းအထိ မြန်မာလူမျိုးများသည် ယွန်းထည်အမျိုးမျိုးသာ အသုံးပြုခဲ့ကြပြီး ပလို့(ခေါ်) ငါးဆင့်ပလို့ ဆွမ်းအုပ်များဖြင့် ယနေ့တိုင် ရွှေစည်းခုံဘုရားပွဲ၊ အာနန္ဒာဘုရားပွဲ၊ ငှက်ပစ်တောင်ဘုရားပွဲ၊ တုရင်တောင်ဘုရားပွဲ၊ ကန်တော့ပလ္လင်ဘုရားပွဲများနှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ ရှင်ပင်စာကြိုလှဘုရားပွဲများတွင် ယွန်းပလို့(ငါးဆင့်)ပါသော ဆွမ်းအုပ်ကြီးများဖြင့် ဆွမ်းတော်များလောင်းလှူလျက်ရှိကြောင်း သိရသည်။

ယွန်းလုပ်ငန်းသုံး ပစ္စည်းအဖြစ် မြန်မာနိုင်ငံအနှံ့အပြားမှ ထွက်ရှိသည့် မဲတင်းခါးဝါး၊ တင်းဝါး၊ နန်းထောင်ဝါး၊ မဲဇာဝါးများကိုသုံး၍ ယွန်းထည်အမျိုးမျိုး ပြုလုပ်ကြသော်လည်း မဲတင်းခါးဝါးတစ်မျိုးတည်းကိုသာ ယွန်းထည်ပြုလုပ်ရာတွင် စွဲစွဲမြဲမြဲအသုံးပြုကြကြောင်း၊ ယွန်းထည်ပြုလုပ်ခြင်း အဆင့်ဆင့်တွင် အချောခံခြင်း၊ စဥ့်ဖတ်တင်ခြင်း၊ နီးခေါင်းထိုးခြင်း၊ နီးစိတ်ခြင်း၊ ကြောင်လိမ်ထည်လုပ်ခြင်း၊ ပွေတည်ခြင်း၊ မြေခံခြင်း၊ အဖြူခွေခြင်း၊ နီးဖြာခြင်း၊ ပုတ်ထည်၊ ယွန်းထပ်ခြင်း၊ သရိုးချောခြင်း၊ ခဲကောက်ခြစ်ခြင်း၊ နီးသပ်ခြင်း၊ ရက်ထည်တို့ကို အဆင့်ဆင့်ပြုလုပ်ရကြောင်း သိရသည်။

ယွန်းထည်လုပ်ငန်းလုပ်ကိုင်ကြသည့် ယွန်းလုပ်သားတစ်ဦးလျှင် တစ်ရက် ငွေကျပ် တစ်သောင်းနှင့် ယွန်းကျွမ်းကျင်လုပ်သားတစ်ဦးလျှင် ငွေကျပ် နှစ်သောင်း ရရှိကြကြောင်း၊ ယွန်းထည်ပစ္စည်းများ အရောင်းအဝယ်အေးနေသော်လည်း ယွန်းထည်ပစ္စည်းထုတ်လုပ်ရောင်းဝယ်မှု မပြတ်စေရန်နှင့် ယွန်းလုပ်သားများ မိသားစုအဆင်ပြေစေရန် ယွန်းလုပ်ငန်းများ ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**

# ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်သည့် တောင်သူများ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့်မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်




တောင်ငူ နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တောင်ငူခရိုင်အတွင်း လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်သည့် တောင်သူများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၈ ရက်တွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး တောင်ငူခရိုင်အတွင်း သီးထပ်စွမ်းအား၊ သီးနှံစိုက်စွမ်းအား တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် မြို့နယ်များနှင့် တောင်သူများအား တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တောင်သူတစ်ဦးလျှင် ဓာတ်မြေဩဇာနှစ်အိတ်နှုန်း ပံ့ပိုးပေးကြသည်။ ထို့နောက် တောင်သူတစ်ဦးက အထွက်နှုန်းအမြင့်ဆုံးရရှိအောင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

# အင်္ဂလိပ်စာနှင့်သင်္ချာ စွမ်းရည်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်

ကသာ နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာလ ၂၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဘက်စုံပညာကိုရည်တို့လှမ်းချီ သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ခရိုင်ပညာရေးမှူး ဦးမြင့်စိုးနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ကိုမင်းတို့က အမှာစကားများပြောကြားကြသည်။

ဆက်လက်၍ ဆုရကျောင်းသား၊ ကျောင်းသူနှစ်ဦးတို့က အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၏ အတွေ့အကြုံများနှင့် ကျောင်းစာကြည့်တိုက်သို့ သွားရခြင်း၏ အကျိုးကျေးဇူးများအကြောင်းတို့ကို မျှဝေပေးကြပြီး အင်္ဂလိပ်စာနှင့်သင်္ချာစွမ်းရည်ပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ တာဝန်ရှိသူများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ထားဝယ်မြို့ စည်ပင်သာယာဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်နိုင်ရေး မီးဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

ထားဝယ် နိုဝင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း မီးဘေးအန္တရာယ်နှင့်တခြားသောသဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများ အထိရောက်ဆုံးနှင့် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုများကို နိုဝင်ဘာလ ၂၇ ရက်က ထားဝယ်မြို့ စည်ပင်သာယာဈေးကြီး၌ ဆောင်ရွက်သည်။

ရှေးဦးစွာ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဇမ္ဗူသီရိ အရေးပေါ်လူနာကူညီသယ်ဆောင်ရေးအဖွဲ့တို့က မီးငြိမ်းသတ်ယာဉ်၊ လူနာကူညီသယ်ဆောင်ရေးယာဉ်များဖြင့် အလျင်အမြန်ရောက်ရှိနေရာယူကြပြီး မီးဘေးသဏ္ဍာန်တူ ဈေးအဆောက်အအုံကို မီးငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများအသုံးပြု၍ ကယ်ဆယ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ကြသည်။

ထို့နောက် မီးလောင်နေသော ဈေးအဆောက်အအုံအတွင်း ပိတ်ဆို့ဖိမိနေသူများအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့က လိုက်လံရှာဖွေပြီး ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြု၍ အဆောက်အအုံအပြင်ဘက်သို့ လျင်မြန်စွာ ကယ်ထုတ်ခြင်းများ လေ့ကျင့်ကြသည်။

ဆက်လက်၍ ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ဒဏ်ရာရရှိသူများကို လွှဲပြောင်းပေးအပ်ရာ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရေးပေါ်လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များက သယ်ဆောင်ပြီး ရှေးဦးပြုစုနည်း၊ အရေးပေါ်နှလုံးနှိုးဆွအသက်ရှူနည်းဖြင့် ပြုစုပေးကြပြီး ကယ်ဆယ်ရေးယာဉ်ဖြင့် တင်ဆောင်၍ နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခြင်းတို့ကို အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးရန် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ကြသည်။

ယခုအခါ ပူပြင်းခြောက်သွေ့သောရာသီဥတုသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် ကူးစက်မီး၊ ပေါ့ဆမီး၊ မသမာသူများ၏ရှို့မီး၊ လျှပ်စစ်မီး၊ လောင်စာဆီမီး၊ ဓာတုပစ္စည်းနှင့် ဓာတုမီးများကြောင့် မီးလောင်ဆုံးရှုံးမှုမှ ကာကွယ်တားဆီးနိုင်ရန်ရည်ရွယ်၍ မီးသတ်ဦးစီးဌာနမှ ဦးစီးပြီး မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဇမ္ဗူသီရိ အရေးပေါ်လူနာ ကူညီသယ်ဆောင်ရေးအဖွဲ့၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူ၊ ဈေးသားများပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**




**ဖခင်အမည်မှန်**

ရေတာရှည်မြို့ အ.ထ.က ရွှေကြက်ယက် Grade-9 မှ နော်လင်းလင်းထက်၊ မူလွန်ကျောက်ချောင်း Grade-3 မှ နော်အယ်ကမ္ဘီးဖော၊ KG မှ စောရိုစေးလေး၏ ဖခင်အမည်မှန်မှာ ဖားကပို့ ၇/ရတရ(နိုင်)၀၉၆၇၂၈ ဖြစ်ပါကြောင်း။

ဖားကပို့

**ဖခင်အမည်မှန်**

လယ်ဝေးမြို့၊ အ.ထ.က(ခွဲ)စံဝါအောင်း၊ Grade-7(B) မှ မကြည်ဖြူရှင်းသန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၆-၂၀၁၁ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိုင်းထွေးဖြစ်ပါကြောင်း။

ဦးစိုင်းထွေး

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ ကင်ချောင်း အ.ထ.က ကျောင်းဝင်အမှတ်၉၄၀၁ (Grade-12) မှ မဖြူဇင်ချို၏ဖခင် ဦးဆန်းဝင်း၏အမည်မှန်မှာ ဦးစန်းဝင်း ၈/တတက(နိုင်) ၁၂၇၆၈၆ ဖြစ်ပါကြောင်း။

ဦးစန်းဝင်း

**ပျောက်ဆုံးကြောင်း**

သဉ္ဇာဝင်း(ဘ)ဦးတင်ပို ၉/မသန(နိုင်) ၁၇၀၉၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

နေဝင်းဦး(ဘ)ဦးတင်ဝင်း ၁၂/အစန(နိုင်) ၀၀၆၁၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၃၅၃၉၇၃၃

**ပျောက်ဆုံးကြောင်း**

ထက်ထက်လွင်(ဘ)ဦးစောတင့်လွင် ၁၂/တတန(နိုင်)၂၅၀၀၄၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၈၃၈၇၂၅

**ပျောက်ဆုံးကြောင်း**

အောင်ဇော်ထိုက်(ဘ)ဦးအောင်ရွှေ ၅/မရန(နိုင်)၁၇၄၂၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၉၁၀၈၅၇

**ပျောက်ဆုံးကြောင်း**

အောင်မျိုးထိုက်(ဘ)ဦးအောင်ရွှေ ၅/မရန(နိုင်)၁၅၁၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၉၁၀၈၅၇

**ပျောက်ဆုံးကြောင်း**

ဟေမာဦး(ဘ)ဦးထွန်းထွန်းဝင်း ၁၀/ဘလန(နိုင်)၁၃၉၈၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဦးစစ်ရန်နိုင်(ဘ)ဦးဇော်မျိုးလင်း ၁၄/ဒဒရ(နိုင်)၂၃၀၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဦးနေထွန်းလင်း(ဘ)ဦးအောင်သိန်းချေ ၁၁/မပတ(နိုင်)၀၇၅၆၆၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

အေးမြတ်မွန်(ဘ)ဦးရဲအောင် ၁၂/ကမရ(နိုင်) ၀၇၃၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဦးကွမ်းခင်ဖုံး(ဘ)ဦးကွမ်းပီချောင်း ၁၃/မကန(နိုင်)၀၁၆၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

အေးအေးသူ(ဘ)ဦးအောင်မိုး ၁၂/ရပသ(နိုင်) ၀၉၀၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

အောင်ကိုနိုင်(ဘ)ဦးမြင့်နိုင် ၁၄/ဟသတ(နိုင်)၃၅၅၀၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ကျော်ဇင်ဝင်း(ဘ)ဦးထိပ်တင်ဝင်း ၁၄/ဟသတ(နိုင်)၂၈၉၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မျိုးမင်းထက်(ဘ)ဦးမြင့်လွင်(ခ)ဝင်းလွင် ၁၂/လမတ(နိုင်)၀၃၃၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 184683)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၆၇၀၈၀၈၂

**ပျောက်ဆုံးကြောင်း**

ဝင်းနိုင်ငွေး(ဘ)ဦးငွေးနိုင် ၅/ဆလက(နိုင်) ၁၄၂၉၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 047018)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၅၅၂၉၉၂၂

**ပျောက်ဆုံးကြောင်း**

စုမြတ်ဦး(ဘ)ဦးမျိုးမင်းဦး ၇/ညလပ(နိုင်) ၂၃၁၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ထက်ဝေလျှံ(ဘ)ဦးဝင်းနိုင် ၇/ပခန(နိုင်) ၄၆၉၈၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 501383)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ကောင်းစည်သူ(ဘ)ဦးထွန်းအောင်ကျော် ၇/ပခန(နိုင်)၃၉၅၀၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 628547)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

သန်းသန်းငွေး(ဘ)ဦးစံပြေ ၁၄/လပတ(နိုင်) ၁၉၅၇၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ထွန်းအိန္ဒြာခင်(ဘ)ဦးထွန်းထွန်းဦး ၁၄/ဟသတ(နိုင်)၂၆၄၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

သန်းစိုးနိုင်(ဘ)ဦးကျော်ဝင်းကြည် ၇/တငန(နိုင်)၁၉၃၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၀၆၉၅၉၆

**ပျောက်ဆုံးကြောင်း**

ဦးသိန်းနိုင်(ဘ)ဦးမောင်သာလှ ၁၁/မပတ(နိုင်)၀၃၂၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 375765)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ရန်ပိုင်းဝင်(ဘ)ဦးရန်အင်းဆိုက် ၁၃/မဆတ(နိုင်)၀၅၈၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ကျော်ဝင်း(ဘ)ဦးဖူကွေ့ ၁၃/လရန(နိုင်) ၂၀၀၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဖြူဖြူသောင်း(ဘ)ဦးကျော်သောင်း ၁၁/ကဖန(နိုင်)၀၃၇၄၇၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မေစန္ဒာမောင်(ဘ)ဦးသန်းဝင်း ၁၂/ဥကတ(နိုင်)၁၆၁၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(908957)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၃၂၂၅၃

**အမည်ပြောင်း**

အထက(၈)ပုသိမ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-6 မှ ဦးနိုင်လင်းဇော် ၁၄/ ဟကက(နိုင်)၀၂၅၅၂၀ ၏သား မောင်အာကာစိုးမိုးအား မောင်အောင်သူရထွန်းဟုပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်သူရထွန်း

**ပျောက်ဆုံးကြောင်း**

ဇင်မာချို(ဘ)ဦးဆန်း ၁၂/တတန(နိုင်) ၁၆၈၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 644175)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

သူဇင်ဖြိုး(ဘ)ဦးစိုးကြည် ၈/အလန(နိုင်) ၂၄၉၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 350324)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

စမ်းစမ်းအေ(ဘ)ဦးညိုလေး ၉/မနမ(နိုင်) ၀၅၃၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 499554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၃၄၅၂၁၂

**ပျောက်ဆုံးကြောင်း**

သန့်ဇင်အောင်(ဘ)ဦးသန်းစိုး ၅/မမန(နိုင်) ၀၉၆၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 112048)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၆၇၉၅၈၄၇

**ပျောက်ဆုံးကြောင်း**

မိုးသီတာရှိန်(ဘ)ဦးကျော်သူ ၁၂/မရက(နိုင်) ၀၅၉၄၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 367732)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၅၆၇၀၈၆

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်း၊ မြို့မရပ်ကွက်နေ မနှင်းဦးလှိုင်(ဘ) ဦးမြင့်အောင် ၇/နတလ(နိုင်)၀၃၉၇၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

**ပျောက်ဆုံးကြောင်း**

ထားဝယ်မြို့၊ ထိန်သစ်ရပ်နေ တင်တင်ချို(ဘ)ဦးအောင်မြ ၆/ထဝန(နိုင်)၀၆၄၄၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 468655)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၅၂၇၆၂၅

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့၊ ဒလမဲကျေးရွာနေ ကျော်သူဝင်း(ဘ) ဦးကြီးမောင် ၇/ပခတ(နိုင်)၀၆၃၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၀၂၉၆၈၀၀

**ပျောက်ဆုံးကြောင်း**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မိုးစွေကျေးရွာနေ မနန္ဒာဝင်း(ဘ) ဦးမောင်ကြည်ထွေး ၉/ဥတသ(နိုင်) ၀၈၆၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 610860)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၄၉၁၂၂၉၄

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖောဓိကွင်းကျေးရွာနေ ဆရာတော်ဦးကုမာရ (ဘ)ဦးမောင်ဆာ ၇/ကတခ(သ)၀၀၀၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 726938)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဖျံချောင်းရွာနေ မဇင်မာဝင်း (ဘ)ဦးဝင်းညွှန့် ၇/ရတရ(နိုင်)၁၇၂၆၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၁/၉)၊ နေဝင်းလမ်းနှင့်အောင်သုခလမ်းထိပ်၊ မြေဧရိယာ(၀.၁၁၅)ကေနေ ဦးကြည်မြင့်(၈/ဆပဝ(နိုင်)၀၅၂၅၁၇)ကိုင်ဆောင်သူမှ(အလျား ၃၀'-၀" x အနံ ၃၀'-၀")အုတ်နံကပ်(၁)ထပ်သွပ်မိုးအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဝက်သာတောကျေးရွာနေ ဦးနန္ဒသာရ(ဘ)ဦးဖားလား ၇/ကတခ(သ) ၀၀၁၁၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 727548)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**

လေးမျက်နှာမြို့၊ အမှတ်(၅)ရပ်ကွက်နေ မောင်ဇင်မင်းပိုင်(ဘ)ဦးအောင်သောင်း ၁၄/လမန(နိုင်)၁၀၄၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 451891) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။

ဖုန်း-၀၉-၆၉၂၆၅၈၀၀၇

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်နေ ဥမ္မာဝင်း(ဘ)ဦးမောင်ပါ ၇/ဝမန(နိုင်) ၁၀၈၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**ရွှေနှင်းပွင့်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**
**“Shwe Hnin Pwint Construction Co.,Ltd.”**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၇)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ရွှေနှင်းပွင့်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် “Shwe Hnin Pwint Construction Co.,Ltd.”အား (၂၇-၁၁-၂၀၂၄)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ် မြင့်မြင့် B.Com,C.P.A အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရှိရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၂၉)ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့် B.Com, C.P.A,**
**Thaungaye & Associates Ltd.**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**အခန်း(၁၅၇)၊ (၁၀)ရပ်ကွက်၊ ၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၅၅၉၄၃၅၃**

**လီမွန်ဂရက် ကုမ္ပဏီလီမိတက်**
**“Lemongrass Co.,Ltd.”**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၇)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ လီမွန်ဂရက်ကုမ္ပဏီလီမိတက် “Lemongrass Co.,Ltd.” အား (၂၇-၁၁-၂၀၂၄)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ် မြင့်မြင့် B.Com,C.P.A အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရှိရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၂၉)ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်းကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့် B.Com, C.P.A,**
**Thaungaye & Associates Ltd.**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**အခန်း(၁၅၇)၊ (၁၀)ရပ်ကွက်၊ ၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၅၅၉၄၃၅၃**

**CITY BUILDING MATERIAL COMPANY LIMITED**
**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ “CITY BUILDING MATERIAL COMPANY LIMITED”ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်(၂၂-၁၁-၂၀၂၄)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅) အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။


**ဦးဇင်ဝေ**
**B.Com(AA);C.P.A(210)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

**DAW WIN MAY**
**Managing Director**
**CITY BUILDING MATERIAL**
**COMPANY LIMITED**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ရွာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် နိုဝင်ဘာ ၂၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**နိုဝင်ဘာလ ၂၆ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၉)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး၊ Nissan Diesel Truck (၁)စီးနှင့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ထီလုံ-ဘားအံလမ်း၊ လှိုင်းဘွဲ့လမ်းဆုံအနီး၌ မော်တော်ယာဉ်(၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း(၁၀)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၇)မျိုး၊ လူသုံးကုန်ပစ္စည်း(၃)မျိုး၊ စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၁၉၅၇၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၃)စီး၊ Mitsubishi Fuso Truck (၁)စီးနှင့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၂၅၃၅၇၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရောဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတခရိုင်၊ မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၆)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ တမန်ချောင်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၆၆၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၅၆၆၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တနင်္သာရီမြို့နယ်၊ ချောင်းငယ်ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Mark-X မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀) နှင့် တနင်္သာရီတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်ကွက်၊ အမှတ်(၆၃၂)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၀၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၇၈၆၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုဝင်ဘာလ ၂၇ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးနှင့် ဘားအံမြို့မှ ပုသိမ်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုးနှင့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus (၁)စီးနှင့် Asia Stra Bus (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း(၁)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၅၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီးနှင့် Cheng Long Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၄၀၃၆၅၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၁၇၃၆၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၇၄၅၉၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ တောင်ငူမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး၊ ယာဉ်အပိုပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၁၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၉၈၉၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၆၅၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၈၅၁၉၉၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၀၃၄)တန်နှင့် အခြားသစ်(သုည ဒသမ ၄၂၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၇၅၆၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၇၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၄၁၇၁၅၆၀)**ကို ဖမ်းဆီးရမိခဲ့ပါသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**


**ပျောက်ဆုံးကြောင်း**

သနပ်ပင်မြို့နယ်၊ ကသစ်ဝိုင်ကျေးရွာနေ မစိမ်းစိမ်းမိုး(ဘ)ဦးလှအေး ၇/သနပ(နိုင်)၁၇၈၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၅၅၆၆၄၁

**ပျောက်ဆုံးကြောင်း**

တိုက်ကြီးမြို့၊ သပြေကုန်းအုပ်စု၊ ရေနုတ်လမ်းဝင်(ရှေ့)နေ သီဟစိုး(ဘ)ဦးစိုးလွင် ၁၂/တကန(နိုင်) ၂၃၉၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 874482)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ ဦးမောင်မောင်သူ(ဘ)ဦးတင်ဦး ၇/ပခန(နိုင်)၂၉၈၄၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့နေ ဇော်မျိုးအောင်(ဘ)ဦးသိန်းစိုး ၇/ပခန(နိုင်)၃၄၃၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 113021)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**

သိင်္ဂီညွန့်(ဘ)ဦးညွန့်မောင် ၁၂/ရကန(နိုင်) ၀၄၇၄၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(92893)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ထန်းလိန်း(ဘ)ဦးလိန်းဟုန်းမနား ၄/မတန(နိုင်)၀၂၀၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၅၁၃၆၁၄

**ပျောက်ဆုံးကြောင်း**

အရှင်မာနိတ(ဘ)ဦးစိုး ၁၂/သဃက(သ) ၀၀၁၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 100034)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၉၀၄၆၁၆

**ပျောက်ဆုံးကြောင်း**

ကျော့ကွေ့သွယ်(ဘ)ဦးဆန်းမြင့် ၁၂/ဥကတ(နိုင်)၁၅၁၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၂၇၄၉၀၀၄

**ပျောက်ဆုံးကြောင်း**

ရန်ပိုင်ကြူး(ဘ)ဦးရန်အင်းဆိုက် ၁၃/မဆတ(နိုင်)၀၅၈၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

နှင်းနှင်းနွယ်(ဘ)ဦးကျော်စိုး ၁၂/လသယ(နိုင်)၀၄၂၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ရဲအောင်(ဘ)ဦးသိန်းမြင့် ၈/ခမန(နိုင်) ၁၈၆၈၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မျိုးမင်းအောင်(ဘ)ဦးမြင့်လွင်(ခ)ဝင်းလွင် ၁၂/လမတ(နိုင်)၀၃၃၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 184683)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၆၇၀၈၀၈၂



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်အား
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE




Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇




အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
နေပြည်တော် – ဖုန်း – ၀၆၇ – ၃၄၃၄၇၁၂၊ ၀၉ – ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ – ၈၃၇၈၉၆၅၊ ၀၉ – ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) – ၀၁ – ၈၃၇၈၉၆၃
၂၉×၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း – ၀၉ – ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) – ၀၂ – ၄၀၃၀၄၆၇
We Protect The Family

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ် . . .**

❖ **၎င်းတို့ယာယီအားဖြင့် ထိန်းသိမ်းထားသည့်မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

## (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၈

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁ ရက် နံနက် ၉ နာရီ မိနစ် ၃၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၊ (MICC-1)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက် ၉ နာရီ မိနစ် ၂၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV Parliament၊ MWD HD၊ MWD Variety HD Channel၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ MOI Website၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။


(သတင်းစဉ်)

## အားကောင်းသောမုန်တိုင်းငယ် နောက် ၁၂ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၈

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ် (Deep Depression)သည် မြောက်-အရှေ့မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (CoCo Island)၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့ (Chennai)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၅၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၉၉၉ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ ●**

၂၈-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ




## သင်ကြားလေ့လာ ယဉ်ကျေးမှု သုခုမအနုပညာ

ဆောင်းပါး စာ - ၁၂ သို့

---

## မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲတွင် ချင်းလန်းအသင်း ချန်ပီယံဆုဆွတ်ခူး

စာ - ၁၄ သို့

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၃၀ သို့

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

